# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၈)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အနာဂတ်တွင်ဖြစ်ပေါ်လာမည့် ရန်ကုန်ဆိပ်ကမ်းအခြေအနေကို ကြိုတင်တွက်ဆ ဝန်ဆောင်မှုအပြည့်အဝပေးနိုင်အောင် ရေးဆွဲထားသည့် စီမံချက်အတိုင်းဆောင်ရွက်

## ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး အခြေအနေများ ပျက်စီးယိုယွင်းမှုမရှိအောင် နိုင်ငံရေးအသိ၊ လုံခြုံရေးသတိဖြင့် ပါဝင်ပူးပေါင်းဖော်ဆောင်

နေပြည်တော် ဩဂုတ် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ရန်ကုန်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြရာတွင် လက်ရှိ ရန်ကုန်ဆိပ်ကမ်း၌ အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား ၁၇ စင်း၊ သီလဝါဆိပ်ကမ်း၌ အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတား ခြောက်စင်း စုစုပေါင်း ဆိပ်ခံတံတား ၂၃ စင်းရှိပြီး သင်္ဘောကြီး ၂၃ စင်း တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်ပါကြောင်း၊ နိုင်ငံခြားသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်မှုအနေဖြင့် ၂၀၁၀-၂၀၁၁ တွင် ရန်ကုန်ဆိပ်ကမ်းအသီးသီး၌ ကုန်သေတ္တာတင်သင်္ဘောစင်းရေ ၄၇၆ စင်းနှင့် အထွေထွေကုန်တင်

သင်္ဘောစင်းရေ ၁၁၄၃ စင်း စုစုပေါင်း ၁၆၁၉ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့ပါကြောင်း၊ ယခု ၂၀၁၁-၂၀၁၂ ခုနှစ် ဧပြီလမှ ဇူလိုင်လအထိ လေးလတာကာလအတွင်း ကုန်သေတ္တာသင်္ဘောစင်းရေ ၁၆၃ စင်း၊ အထွေထွေကုန်တင်သင်္ဘောစင်းရေ ၂၇၉ စင်း စုစုပေါင်း ၄၄၂ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့ပါကြောင်း၊ ကုန်သေတ္တာကိုင်တွယ်မှုမှာ ၂၀၁၀-၂၀၁၁ ခုနှစ်နှင့် ၂၀၁၁-၂၀၁၂ ခုနှစ် ပထမလေးလပတ်ကာလတူ နှိုင်းယှဉ်ပါက ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ကုန်သေတ္တာတန်ချိန် ထောင်ပေါင်း ၁၄၄၀၊ အထွေထွေကုန်ပစ္စည်းတန်ချိန် ထောင်ပေါင်း ၁၃၂၈ တန်ကို ကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ကုန်သေတ္တာတန်ချိန် ထောင်ပေါင်း ၁၇၂၇ တန်နှင့် အထွေထွေကုန်ပစ္စည်းတန်ချိန် ထောင်ပေါင်း ၁၇၉၂ တန် ကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ကုန်သေတ္တာတန်ချိန် ထောင်ပေါင်း ၂၈၇ တန်နှင့် အထွေထွေကုန်ပစ္စည်းတန်ချိန် ထောင်ပေါင်း ၄၆၄ တန် ပိုမိုကိုင်တွယ်ခဲ့ရကြောင်း ပဏာမရှင်းလင်းပြောကြားပြီး ဆိပ်ကမ်းအလိုက် ဝင်ရောက်ဆိုက်ကပ်ခဲ့သည့် နိုင်ငံခြားပင်လယ်ကူးသင်္ဘောကြီးများစာရင်း၊ ဆိပ်ကမ်းအလိုက် ဝင်ငွေရရှိမှု၊ ဆိပ်ကမ်းတစ်ခုချင်းအလိုက် အလုပ်အကိုင် ခန့်ထားနိုင်မှု၊ ယခင်လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှု၊ Master Plan ရေးဆွဲရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်နေမှု၊ တိုင်းတာရေးဆပ်ကော်မတီ၊ Design Plan ရေးဆွဲရေးဆပ်ကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ရန်ကုန်ဆိပ်ကမ်းနယ်မြေ ဗိုလ်တထောင် အမှတ်(၆) သစ်စက်မှ ထီးတန်းကြက်လျှာစွန်းအထိ ဆိပ်ခံတံတားနှင့် ကုန်းတွင်းကုန်သေတ္တာစခန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် Conceptual Plan ရေးဆွဲထားမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆိပ်ကမ်းမြေနေရာများအခြေအနေ၊ တိုးတက်ဖြစ်ပေါ်လာမည့် ရန်ကုန်ဆိပ်ကမ်းအခြေအနေ၊ တိုးတက်ကိုင်တွယ်နိုင်မည့် ကွန်တိန်နာပမာဏ၊ သီလဝါဆိပ်ကမ်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ သီလဝါဆိပ်ကမ်းဒေသတွင် ပုဂ္ဂလိကပိုင်စက်သုံးဆီ တင်/ချ ဆိပ်ခံတံတားများ *စာမျက်နှာ ၃ ကော်လံ ၁* ◆

**တွေ့ဆုံမှာကြား**

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၁၀ ရက်)

## ခေတ်မီကုန်ထုတ်နည်းပညာများကို အသုံးချ၊ စက်မှုကဏ္ဍဖွံ့ဖြိုးရေးကြိုးပမ်း

နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်၊ စက်မှုထုတ်ကုန်များ အရေအတွက်နှင့် အရည်အသွေး တိုးတက်မြင့်မားရန်၊ စက်ပစ္စည်းကိရိယာအမည်သစ်များ တိုးတက်ထုတ်လုပ်ရန်၊ စက်မှုလုပ်ငန်းသုံးစက်ကိရိယာများ ထုတ်လုပ်ရန်တို့ကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ဩဂုတ် ၇ ရက်နေ့က ဘားအံမြို့အတွင်းရှိ အမှတ်(၁) ဘိလပ်မြေစက်ရုံ တန်-၉၀၀ နှင့် အမှတ်(၂) ဘိလပ်မြေစက်ရုံ တန်-၄၀၀၀ တို့၏ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စက်တပ်ဆင်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အမှတ်(၁) ဘိလပ်မြေစက်ရုံ တန်-၉၀၀သည် ၁၉၈၃ ခုနှစ်က တည်ဆောက်ခဲ့ပြီး တည်ဆောက်စဉ်က စက်စွမ်းအား တစ်ရက်လျှင် မီးသင်းကျောက် တန်-၈၀၀ ထွက်ရှိသည်။ နှစ်ကာလကြာမြင့်လာသည့်အလျောက် စက်စွမ်းအားကျဆင်းလာပြီး တစ်ရက်လျှင် တန်-၅၅၀-၆၀၀သာ ထွက်ရှိတော့သဖြင့် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် တစ်ရက်လျှင် မီးသင်းကျောက် တန်-၉၀၀ အဆင့်သို့ တိုးမြှင့်ပြင်ဆင်ခဲ့သည်။

အမှတ်(၂) ဘိလပ်မြေစက်ရုံ တန်-၄၀၀၀သည် တည်ဆောက်စဉ်က နည်းပညာနှင့် ဒီဇိုင်းအရ မီးသင်းကျောက်များကို အအေးခံသည့်အပိုင်း (AQC) သည် အပူဒဏ်မြင့်မားစွာ ခံခဲ့ရသည့်အတွက် အတွင်းရှိသံထည်များ ထိခိုက်သဖြင့် ၂၀၁၀ ခုနှစ်တွင် (AQC) ဒီဇိုင်းအသစ်ကို ပြင်ဆင်လဲလှယ်တပ်ဆင်ခဲ့သည့်အတွက် စဉ်ဆက်မပြတ် ကုန်ထုတ်နိုင်ပြီဖြစ်သည်။

ယင်း တန်-၄၀၀၀ကျ ဘိလပ်မြေစက်ရုံ၏ မီးသင်းကျောက်ထုတ်ရာတွင် အပူချိန် ၁၃၀၀°C ခန့် အသုံးပြုရပြီး အပူများစွန့်ပစ်ရသဖြင့် ယင်းစွန့်ပစ်အပူကိုအသုံးပြုပြီး ရေနွေးငွေ့ဘွိုင်လာအား လည်ပတ်စေကာ လျှပ်စစ်ဓာတ်အား ၆ ဒသမ ၂ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ရာ၌ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် စက်မှုဇုန်များထူထောင်ပေးပြီး စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးကို အားပေးလျက်ရှိရာ ယနေ့အထိ စက်မှုဇုန်(၁၈)ဇုန်ထူထောင်ပေးနိုင်ခဲ့သည်။ နည်းပညာများတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်ပိုင် စက်ရုံ၊ အလုပ်ရုံများသာမက ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ရုံ၊ အလုပ်ရုံများ ပိုမိုတိုးချဲ့လုပ်ကိုင်ခွင့်ပေးခဲ့သည်။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါလျက်ရှိရာ တိုးတက်လာသောခေတ်မီ ကုန်ထုတ်နည်းပညာကိုအသုံးချသည့် စက်ရုံ၊ အလုပ်ရုံများ တိုးတက်တည်ရှိလာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာမည့်အပြင် နိုင်ငံတော်၏ စီးပွားရေးသည်လည်း တစ်ဖက်တစ်လမ်းမှ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ॥

## စိတ်မှန်သော မျိုးချစ်စိတ်ဓာတ်

✳ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✳ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ပြည်သူ့သဘောထား

✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ညောင်ဦးမြို့ လောကနန္ဒာဆိပ်ကမ်း၌ ငါးမျိုးစိုက်ထည့်

ညောင်ဦး ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ညောင်ဦးမြို့ ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ငါးသယံဇာတတိုးပွားရေးနှင့် ငါးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် လောကနန္ဒာဘုရားအနီး ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၃ ရက် နံနက် ၈ နာရီက ညောင်ဦးမြို့ လောကနန္ဒာဆိပ်ကမ်း၌ ကျင်းပသည်။

**ငါးမျိုးစိုက်ထည့်**

အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာန ညောင်ဦးမြို့နယ်တာဝန်ခံ ဒေါ်မိုးခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရေလုပ်သားများ၊ ဒေသခံပြည်သူများက ငါးမြစ်ချင်း၊ ငါးမှန်ကြီး ကောင်ရေ ၂၇ သိန်းနှင့် ငါးမြစ်ချင်းသားပေါက် ကောင်ရေ သုံးသိန်းကို လောကနန္ဒာဘုရားအနီး ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် စံပြမိခင်ပြိုင်ပွဲ

### ပခုက္ကူမြို့နယ်၌ကျင်းပ

ပခုက္ကူ ဩဂုတ် ၉

ပခုက္ကူခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့က ကြီးမှူးကျင်းပသော ၂၀၁၁ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ပြိုင်ပွဲနှင့် စံပြမိခင်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက အမှာစကားပြောကြားပြီး မိခင်နို့စနစ်တကျတိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများကို သားဖွားမီးယပ် အထူးကုဆရာဝန် ဒေါက်တာအေးအေးသင်းက လည်းကောင်း၊ ကလေးများအတွက် အာဟာရဖွံ့ဖြိုးရေးအကြောင်း သိကောင်းစရာများကို ကလေးအထူးကုဆရာဝန် ဒေါက်တာရဲထွဋ်ဦးကလည်းကောင်း ဟောပြောကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲတွင် ပထမဆုရ အမှတ် (၂) ရပ်ကွက်မှ မဝင်းဝင်းထွေး၊ ဒုတိယဆုရ အမှတ်(၈)ရပ်ကွက်မှ မအေးယုစံ၊ တတိယဆုရ အမှတ် (၉)ရပ်ကွက်မှ မနီလာဝင်းတာနှင့် နှစ်သိမ့်ဆုရရှိသူများကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ရီရီမေ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဇင်မာဝင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအေးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** အခမ်းအနားအပြီးတွင် ပြိုင်ပွဲဝင် မိခင်နှင့်ကလေးများအား ဗီတာမင်အေ၊ ဘီဝမ်း၊ သန်ချဆေး၊ အာဟာရအစားအစာများနှင့် အိုင်အိုဒင်းဆားများ ဝေငှပေးခဲ့ ကြောင်း သိရှိရသည်။

(၁၀၂)

## အင်္ဂပူမြို့နယ်အသင်း စုပေါင်းအလှူပွဲ

*ရန်ကုန် ဩဂုတ် ၉*

*အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ ပထမအကြိမ် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စွယ်တော်မြတ်စေတီ (ရန်ကုန်) မရမ်းကုန်းမြို့နယ်ရှိ သုဂတောမွှောရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သားများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဦးမြင့်အောင် ဖုန်း-၀၉-၅၁၅၉၁၄၄၊ ဦးမြင့်သိန်း (မဲဇလီကုန်း) ဖုန်း-၀၁-၅၀၃၈၄၁၊ ဦးမြင့်သိန်း (ထူးကြီး) ဖုန်း-၀၉-၅၁၀၃၂၁၀၊ ဦးသောင်းတင် ဖုန်း-၀၉-၇၃၀၁၁၂၈၀၊ ဦးကျန့်ဟင်း ဖုန်း-၀၉-၅၀၆၁၃၉၇၊ အသင်းရုံး ဖုန်း-၀၁-၆၅၆၂၀၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)*

**မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် ဘဲရမ်းကျေးရွာအဝင်လမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၅ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ရှင်းလင်းတင်ပြကြစဉ်။** (မြို့နယ်စည်ပင်)

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ လှိုင်မြို့နယ်၌ ပေးအပ်

ရန်ကုန် ဩဂုတ် ၉

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဩဂုတ် ၇ ရက်က လှိုင်မြို့နယ် အမှတ်(၁၆) ရပ်ကွက်၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေးနှင့် မြို့နယ်ဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်အောင်ထွန်းတို့က နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသော နိုင်ငံသားအရည်အချင်းပြည့်မီသူများအနက်မှ ၃၄၉ ဦးတို့၏ ကတ်ပြားများအား အမှတ်(၁၆) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းညွှန့်ထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန်မြို့ ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ)အား ဆေးရုံအဖြစ် ပြုပြင်မွမ်းမံ တည်ဆောက်မည့် အဆောက်အအုံများ ပြုပြင်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

◆ ရှေ့ဖုံးမှ

အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက လမ်းကျဉ်း၊ လမ်းကျယ်နှစ်မျိုး အသုံးပြုနိုင်ရန်အတွက် ဇလီဖားတုံးထုတ်လုပ်မည့် အခြေအနေ၊ လုပ်ငန်းများကို စက်တင်ဘာတွင် စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အောက်တိုဘာတွင် ဆောင်ရွက်ပြီးစီးနိုင်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လုပ်ငန်းရှင်များက ရန်ကုန်ဆိပ်ကမ်းတိုးချဲ့ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ယနေ့အခါတွင် ကမ္ဘာ့ကုန်သွယ်ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ တစ်နေ့တခြား မြင့်တက်လျက်ရှိသည့်နည်းတူ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်သည့် သင်္ဘောကြီးများ၏ အရေအတွက်လည်း တိုးပွားလာနေကြောင်း။

## အဆင့်မြှင့်တင်တိုးချဲ့

ထို့ကြောင့် မိမိတို့ ရန်ကုန်ဆိပ်ကမ်း အဆင့်မြှင့်တင်တိုးချဲ့သည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အတော်အတန် ခရီးရောက်လျက်ရှိနေပြီဖြစ်ကြောင်း။

ယနေ့ မိမိတို့တွင် တည်ရှိသည့် ရန်ကုန်ဆိပ်ကမ်းနှင့်သီလဝါဆိပ်ကမ်းနှစ်ခုတွင် ဆိပ်ခံတံတား ၂၃ စင်းရှိပြီး သင်္ဘောကြီး ၂၃ စင်း တစ်ပြိုင်နက်ဆိုက်ကပ်နိုင်ကြောင်း။

ဆိပ်ကမ်းကုန်စည်ကိုင်တွယ်နိုင်မှုမှာလည်း တစ်နှစ်လျှင် အများဆုံးကုန်တန်ချိန် သန်း ၂၀ ခန့်သာ ကိုင်တွယ်နိုင်သဖြင့် ရေရှည်တွင် ကုန်တန်ချိန် သန်း ၁၀၀ အထိ ကိုင်တွယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဆိပ်ကမ်းအဆင့်မြှင့်တင်တိုးချဲ့ခြင်းနှင့်အတူ တန်ချိန် ၃၀၀၀၀ နှင့် ၃၅၀၀၀ ရှိ သင်္ဘောကြီးများ ဝင်ထွက်နိုင်သည့် ရေလမ်းကြောင်းကိုပါ တူးဖော်ဆောင်ရွက်သွားရန် ဆောင်ရွက်လျက်ရှိရာ ကုန်းတွင်းဆိပ်ကမ်း အဆင့်မြှင့်တိုးချဲ့သည့်လုပ်ငန်းနှင့် ရေလမ်းကြောင်း ရှင်းလင်းသည့်လုပ်ငန်းနှစ်ခု ဟန်ချက်ညီညီ ညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း။

## တွက်ချက်ဆောင်ရွက်

လက်ရှိ ကုန်တင်ကုန်ချလုပ်ငန်းများနှင့် သင်္ဘောဝင်ထွက်သွားလာနိုင်မှုအခြေအနေများ ရပ်တန့်မသွားစေဘဲ ဆိပ်ခံများ ပြုပြင်တိုးချဲ့မှုလုပ်ငန်းများကို တွက်ချက်ဆောင်ရွက်ရန်ဖြစ်ကြောင်း။

ယခု စီမံကိန်းလုပ်ငန်းများပြီးစီးပါက ဆိပ်ခံတံတား ၄၁ စင်း ရှိလာမည်ဖြစ်ပြီး သင်္ဘော ၄၃ စင်း တစ်ပြိုင်နက်တည်း ဆိုက်ကပ်နိုင်မည်ဖြစ်သကဲ့သို့ တစ်နှစ်လျှင် ကုန်တန်ချိန် သန်း ၁၀၀ ခန့် ကိုင်တွယ်နိုင်မည့် စီမံကိန်းလုပ်ငန်းဖြစ်၍ လုပ်ငန်းများကို နိုင်ငံတကာအဆင့်ရှိသည့် ခေတ်မီဆိပ်ကမ်းတစ်ခုအဖြစ် ဝန်ဆောင်မှုများပေးနိုင်ရန် စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း။

## တည်ဆောက်ပေး

ထို့ပြင် ဆိပ်ကမ်းလုပ်ငန်းများ တိုးချဲ့ခြင်းနှင့်အတူ ကုန်တင်ယာဉ်ကြီးများ သွားလာမှု အဆင်ပြေစေရန်အတွက် ကမ်းနားလမ်းသစ်ကိုပါ တစ်ပြိုင်တည်း ဖောက်လုပ်လျက်ရှိရာ အဆိုပါ လမ်းသစ်တွင်လည်း သင်္ဘောကုန်တင်ကုန်ချ စောင့်ဆိုင်းနေသည့် ယာဉ်ကြီးများဖြင့် ထပ်မံပြည့်ကျပ်နေမှုမရှိစေရန်၊ ယင်းမော်တော်ယာဉ်ကြီးများ ခေတ္တစောင့်ဆိုင်းနေနိုင်သည့် ယာဉ်ရပ်နားနေရာများလည်း တည်ဆောက်ပေးရန်လိုကြောင်း။

အလားတူ ဆိပ်ကမ်းများအတွင်း စုပုံထားရှိသည့် Container အလွတ်များ ပြောင်းရွှေ့ထားရှိနိုင်ရေးအတွက်လည်း သင့်တော်သည့် မြေနေရာရှာဖွေ၍ ကုန်သေတ္တာအလွတ်စခန်းများ ထားရှိရန်လိုကြောင်း။

## စနစ်တကျဆောင်ရွက်

ရန်ကုန်ဆိပ်ကမ်း အဆင့်မြှင့်လုပ်ငန်းများ ဆောင်ရွက်နေသည့်နည်းတူ သီလဝါဆိပ်ကမ်းတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုလည်း စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း။

အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ရန်ကုန်ဆိပ်ကမ်းအခြေအနေကို ကြိုတင်တွက်ဆ၍ ဝန်ဆောင်မှုအပြည့်အဝပေးနိုင်အောင် ရေးဆွဲထားသည့်စီမံချက် (Conceptual Plan) အတိုင်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း မှာကြားသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန်မြို့ ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ)အား ဆေးရုံအဖြစ် ပြုပြင်မွမ်းမံ တည်ဆောက်မည့် အဆောက်အအုံပုံစံများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး တိုးချဲ့နိုင်ရေးအတွက် ရန်ကုန်မြို့ ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) အဆောက်အအုံများအား ပြင်ဆင်ဆောင်ရွက်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတအား ရန်ကုန်အထွေထွေရောဂါကု ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများနှင့် ဖွဲ့စည်းရန် လျာထားသော အထူးကုဌာနများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက ဆေးရုံအဖြစ် ပြင်ဆင်မွမ်းမံရာတွင် လေဝင်/လေထွက်ကောင်းမွန်ရေးနှင့် အလင်းရောင်ရရှိရေးကိုပါ အလေးထားဆောင်ရွက်ရန်၊ ယခုဆေးရုံသစ်ပြီးစီးသွား၍ အထူးကုဌာနများ ပြောင်းရွှေ့ဖွင့်လှစ်ပြီးပါက မူလဆေးရုံနေရာလွတ်များ ရရှိလာမည်ဖြစ်ကြောင်းနှင့် အဆိုပါနေရာလွတ်များ၌ ပြုပြင်ရန် ကျန်ရှိသည်များကို ပြုပြင်မွမ်းမံပြီး လိုအပ်သော ဆေးကုသမှုပစ္စည်းများကို ဖြည့်ဆည်းပေးပြီးမှ လူနာများအား နေရာချထားရေးအတွက် စီစဉ်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆေးရုံအဖြစ် ပြုပြင်မွမ်းမံ တည်ဆောက်မည့် အဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ တက်ရောက်ကုသလျက်ရှိသည့် လူနာနှင့် လက်ခံနိုင်သည့် ခုတင်အရေအတွက် မျှတမှုမရှိသည့်အတွက် စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) အဆောက်အအုံကို ခုတင် (၅၀၀) ဆံ့ ဆေးရုံအဖြစ် ပြုပြင်လျက်ရှိကြောင်း သိရှိရသည်။

## တွေ့ဆုံမှာကြား

ယင်းနောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များလိုက်ပါလျက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား တိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီးအတွင်းရှိ အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေနှင့် မျိုးနွယ်စုအလိုက် နေထိုင်မှု၊ ရာသီဥတုအခြေအနေ၊ အကျယ်အဝန်းနှင့် မြေအသုံးချမှု၊ အဓိကသီးနှံ(၁၀)မျိုးနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှု၊ စက်မှုဇုန်များ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ရေလှောင်တမံနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေ၊ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ တစ်ဦးချင်းဝင်ငွေ၊ တက္ကသိုလ်၊ အခြေခံပညာကျောင်းများအရေအတွက်၊ ကျောင်းသားဦးရေ၊ ဆရာ ဆရာမဦးရေ၊ ကျောင်းသားနှင့် ဆရာအချိုး၊ ဆေးရုံ ဆေးပေးခန်းများ၊ ကွမ်းခြံကုန်း မြို့နယ်အိတ်ချိန်းရှိ မိုဘိုင်းလ်ဖုန်း တိုးချဲ့တပ်ဆင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ယနေ့ မိမိတို့အဖွဲ့အနေဖြင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီအားပေးရန် သွားရောက်ခဲ့ပြီး ခရီးစဉ်အပြန်တွင် ရန်ကုန်တိုင်းဒေသကြီးသို့ ဝင်ရောက်၍ ရန်ကုန်ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း။

ယခု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်တွေ့ဆုံ၍ ဒေသအခြေအနေနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သိရှိရန်နှင့် လိုအပ်သည်များရှိပါက ညှိနှိုင်းဖြည့်ဆည်းပေးရန် တွေ့ဆုံခြင်းဖြစ်ကြောင်း။

## လက်ခံကျင့်သုံး

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာလွှတ်တော်များ၊ အစိုးရအဖွဲ့များနှင့် အခြားသော ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်အဖွဲ့အစည်းများကို ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ အာဏာ(၃)ရပ်ကို အဆင့်ဆင့်သောအဖွဲ့အစည်းများက အခြေခံဥပဒေနှင့်အညီ လက်ခံကျင့်သုံးဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ကြီးကြပ်ခြင်း၊ ကွပ်ကဲခြင်း၊ ပြီးမြောက်အောင်မြင်အောင် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးခြင်း၊ ပြန်လည်စိစစ်ခြင်းတို့ကို ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ထို့ပြင် ဗဟိုတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေများကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ရာ ကျန်ရှိနေသေးသည့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သက်ဆိုင်သည့် ဥပဒေကိုလည်း လာမည့် ပြည်ထောင်စုလွှတ်တော်တွင် တင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေပေါ်ပေါက်လာပြီးပါက ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါကြောင်း။

## ညှိနှိုင်းဆောင်ရွက်

ထို့ကြောင့် ယနေ့ ဖွဲ့စည်းပေးထားသည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး လုပ်ငန်းများတွင် တာဝန်ယူနေကြရသူများအနေဖြင့် ပြည်သူများက ရွေးကောက်တင်မြှောက်ခံထားကြရသည့်သူများ ဖြစ်သည်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းရေးတို့အတွက် ညီညီညွတ်ညွတ် ညှိနှိုင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

စီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ ၂၀၁၁-၂၀၁၂ ခုနှစ် နိုင်ငံတော်၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)မှာ ၄၉ ဒသမ ၉၂ ထရီလီယံဖြစ်ကြောင်း၊ တိုးတက်မှုနှုန်းအနေဖြင့် ၈ ဒသမ ၈ ရာခိုင်နှုန်း ရရှိရန်ဖြစ်၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရည်မှန်းချက်များ ပေးအပ်ထားပြီးဖြစ်ရာ အဆိုပါ ရည်မှန်းချက်များ ပြည့်မီရုံသာမက ကျော်လွန်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ယနေ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေး လုပ်ငန်းများကို နိုင်ငံတော်သမ္မတကိုယ်တိုင် ဦးဆောင်သည့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆပ်ကော်မတီများ ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း။

## ပညာပေးစည်းရုံး

အဆိုပါ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် လုပ်ငန်း(၈)ရပ် ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်သည့်ပြည်သူများ ပူးပေါင်းဆောင်ရွက်လာကြအောင် ပညာပေးစည်းရုံးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စေတနာမှန်၊ လုပ်နည်းလုပ်ဟန် မှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း။

ကောင်းမွန်သည့် လုပ်ငန်းဖြစ်စေကာမူ လုပ်နည်းလုပ်ဟန် မှားယွင်းပါက ဆန့်ကျင်ဘက်အကျိုးသို့ ရောက်သွားနိုင်သည်ကို သတိပြုဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူများ၏ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုရရှိလာအောင် မှန်မှန်ကန်ကန် ဦးဆောင်စည်းရုံး၍ အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော်ရန်လိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့မိမိတို့နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် မိမိတို့ယနေ့ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအခြေအနေများ ပျက်စီးယိုယွင်းမှုမရှိစေရအောင် ပြည်သူများအနေဖြင့် နိုင်ငံရေးအသိ၊ လုံခြုံရေးသတိဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန်မှာကြားသည်။

**(သတင်းစဉ်)**

10-8 (03).pmd 1 8/10/2011, 2:25 AM

*✻ ကျောဖုံးမှ*

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် နက်ရှိုင်းသော မဟာဗျူဟာမြောက် ဆက်ဆံရေးများရှိနေကြပြီး ဗုဒ္ဓဘာသာဝင်အချင်းချင်း ရင်းနှီးချစ်ကြည်မှု အစဉ်အလာများရှိနေသည့်အလျောက် ဗုဒ္ဓဘာသာဝင်မြန်မာနိုင်ငံသူ နိုင်ငံသား ပြည်သူများအနေဖြင့် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ရတောင့်ရခဲသောအခွင့်အလမ်းကို ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ မြတ်စွယ်တော်အား မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ် ပင့်ဆောင်လာမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်နိုင်ရေးအတွက် နာယကအဖွဲ့၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီး ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသို့ ဗုဒ္ဓမြတ်စွယ်တော်ကြွချီ အပူဇော်ခံခဲ့သည်မှာ သုံးကြိမ်ရှိခဲ့ပြီး ယခု စတုတ္ထအကြိမ်ဖြစ်ကြောင်း။

- ပထမအကြိမ်ကို ၁၉၅၅ခုနှစ်တွင်ပင့်ဆောင်ပြီး ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ရှစ်လကြာ အပူဇော်ခံခဲ့ကြောင်း၊
- ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ်တွင် အလားတူပင့်ဆောင်ပြီး ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ၁၄ရက်ကြာ အပူဇော်ခံခဲ့ကာ ရန်ကုန်မြို့မှမန္တလေးမြို့သို့ ဒေသစာရီကြွချီ ပင့်ဆောင်ရာတွင် ခရီးလမ်းတစ်လျှောက် ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ မိတ္ထီလာမြို့များ၌ တစ်ညစီ ကိန်းဝပ်စံပယ်ပူဇော်ခံတော်မူကာ မန္တလေးမြို့မှာ ကိုးရက်ကြာအပူဇော်ခံပြီးသည့်နောက် လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ပင့်ဆောင်၍ ရန်ကုန်မြို့၌ ၁၇ရက်အပါအဝင် စုစုပေါင်း ၄၅ရက်ကြာ အပူဇော်ခံခဲ့ကြောင်း၊
- တတိယအကြိမ်ကို ၁၉၉၆ ခုနှစ်တွင်ပင့်ဆောင်ပြီး ရန်ကုန်ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ရက် ၂၀ကြာ အပူဇော်ခံ၍ မန္တလေးသို့ လေယာဉ်ဖြင့်ပင့်ဆောင်ကာ ၂၁ ရက်ကြာ အပူဇော်ခံခဲ့ကြောင်း၊ တစ်ဖန် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ပင့်ဆောင်ပြီး ရန်ကုန်မြို့၌ အပူဇော်ခံရက်များအပါအဝင် ရက်ပေါင်း ၉၀တိတိ အပူဇော်ခံခဲ့ကြောင်း။

### ဆက်လက်ဖူးမြော်ပူဇော်နိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ဗုဒ္ဓမြတ်စွယ်တော် ဒေသစာရီကြွချီတော်မူခဲ့သော အထိမ်းအမှတ်အဖြစ် စွယ်တော်မြတ်စေတီနှစ်ဆူကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် တည်ထားကိုးကွယ်ခဲ့ပြီး ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း ရင်ငွေ့လှုံခံယူထားသည့် စွယ်တော်ပွား နှစ်ဆူကိုလည်း ရန်ကုန်မြို့နှင့် မန္တလေးမြို့ စွယ်တော်မြတ်စေတီများ၌ ရဟန်းရှင်လူပြည်သူအများတို့မှ သဒ္ဓါပွားပြီး ဆက်လက်ဖူးမြော် ပူဇော်နိုင်ခဲ့ကြပြီဖြစ်ကြောင်း။

ယခုစတုတ္ထအကြိမ်အနေဖြင့် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ပြည်သူပြည်သားများ ဗုဒ္ဓမြတ်စွယ်တော်ကို တစ်ဖန်ပြန်လည်၍ အေးချမ်းသာယာစွာ ဖူးမြော်ကြည်ညိုနိုင်ကြစေရန်ရည်ရွယ်ပြီး နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးသုံးဌာနတို့၌ အပူဇော်ခံနိုင်ရန် စီစဉ်သွားကြမည်ဖြစ်ကြောင်း။

ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်တွင် ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်း၌လည်းကောင်း၊ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်အတွင်း၌ လည်းကောင်း၊ မန္တလေးတွင် မဟာအတုလဝေယန်ကျောင်းတော်ကြီး၌လည်းကောင်း အပူဇော်ခံထားရန်ဖြစ်ပြီး အပူဇော်ခံကာလ ပြည့်မြောက်သည့်အခါတွင် မန္တလေးမှ ဗုဒ္ဓမြတ်စွယ်တော်၏ မူလကိန်းဝပ်စံပယ်တော်မူရာဖြစ်သော ကွမ်ဂျီးစုဘုရားကျောင်း ပေကျင်းမြို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ပင့်ဆောင်ပို့ပေးရန်ဖြစ်ကြောင်း။

### အလေးအနက်ထား

ဗုဒ္ဓမြတ်စွယ်တော်အား ယခု စတုတ္ထအကြိမ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ပူဇော်ရာတွင် ပင့်ဆောင်ပူဇော်မှုဆိုင်ရာကိစ္စအဝဝ အဆင်ပြေချောမွေ့စေရေး၊ ခမ်းနားထည်ဝါစွာဖြင့် ပင့်ဆောင်ပူဇော်နိုင်ရေးနှင့် ဗုဒ္ဓမြတ်စွယ်တော်သည် အလွန်တန်ဖိုးထား အလေးအနက်ထားရသည့်အတွက် လုံခြုံရေး အာမခံချက်ပေးပြီး စာချုပ်ချုပ်ဆိုပင့်ဆောင်ရသည်ဖြစ်၍ ရေပက်မဝင်အောင် လုံခြုံရေးစီမံချက်ဖြင့် သေချာဂနစွာ ဝိုင်းဝန်းဆောင်ရွက်ထားနိုင်ရေး အထူးလိုအပ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က ဖွဲ့စည်းပေးထားပြီးဖြစ်သော ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးတို့အနေဖြင့် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်မည့် အကြိုကာလ၊ အပူဇော်ခံမည့်အချိန်ကာလနှင့် ပြန်လည်ပင့်ဆောင်မည့် ကာလနေ့ရက်များတို့ကို အချိန်ဇယားတို့ဖြင့် ရေးဆွဲတင်ပြဆောင်ရွက်ကြရန် ယခုအစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီဝင်အသီးသီးတို့မှ တာဝန်ရှိသူများ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ရေးတွင် လစ်ဟာမှုမရှိစေရေးအတွက် ဝိုင်းဝန်းဆွေးနွေးတင်ပြကြရန် တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ၁၉၅၅ ခုနှစ်တွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၁၉၉၄ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ၁၉၉၆-၁၉၉၇ခုနှစ်တွင် တတိယအကြိမ်အဖြစ်လည်းကောင်း ပင့်ဆောင်အပူဇော်ခံခဲ့မှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်နိုင်ရေးအတွက် နာယကအဖွဲ့၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားမှု၊ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ရန် လျာထားနေ့ရက်နှင့် နေပြည်တော် ဥပ္ပါတသန္တိစေတီလိုဏ်ဂူတော်၊ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်နှင့် မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတို့၌ အပူဇော်ခံရန် လျာထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ကိန်းဝပ်စံပယ်မည့် ဂန္ဓကုဋိတိုက်တည်ဆောက်ရေး၊ အခမ်းအနားပြင်ဆင်ရေးနှင့် မော်တော်ယာဉ်များ ပြင်ဆင်မွမ်းမံရေးဆပ်ကော်မတီအတွင်းရေးမှူး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေ၊ ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုံးခင်၊ လုံခြုံရေးဆပ်ကော်မတီအတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကျော်ကျော်ထွန်း၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များဖြင့် ပူဇော်မှုစီစဉ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ဆွေးနွေး

ထို့နောက် နာယကအဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့် နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် မန္တလေးတိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီး ဦးသန်းစိုးမြင့်တို့က အထွေထွေဆွေးနွေးတင်ပြကြသည်။

### ဝိုင်းဝန်းကြိုးပမ်း

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အောင်မြင်စွာ ပင့်ဆောင်နိုင်ရေးအတွက် ကော်မတီအသီးသီး၏တင်ပြချက်များအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စီမံချက်ရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရေးနှင့် လုပ်ငန်းတာဝန်များကို သေချာစွာ ကွင်းဆင်းလေ့လာ၍ ဆောင်ရွက်ရေး၊ စတုတ္ထအကြိမ် ပင့်ဆောင်ပူဇော်ခြင်းဖြစ်သော်လည်း နေပြည်တော်၌ ပထမဆုံးအကြိမ် ပင့်ဆောင်ပူဇော်ခြင်းဖြစ်၍ ဘုရားဖူးပြည်သူများ စိတ်လက်ချမ်းမြေ့စွာ ပူဇော်ဖူးမြော်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရာလမ်းတစ်လျှောက်နှင့် ခေတ္တကိန်းဝပ်စံပယ်ရာ နေရာတိုင်းတွင် ပြည်သူများ သဒ္ဓါတရားပွားများကြည်ညိုနိုင်ရေး၊ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းပူဇော်လိုကြသော ပြည်သူများ၏ ဆန္ဒပြည့်ဝစွာဖြင့် လှူဒါန်းနိုင်ကြရေးနှင့် လုံခြုံရေးကိုလည်း မထိခိုက်စေရေးအတွက် စနစ်တကျ ဂရုစိုက်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို 'ဗုဒ္ဓသာသနံစိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## တက်ရောက်

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။**

(သတင်းစဉ်)

## ကြိုဆို နှုတ်ဆက်

**ဩဂုတ် ၉ရက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပသည့် စင်ကာပူသမ္မတနိုင်ငံ၏ (၄၆)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chua Hian Kong Robert ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဓာတ်အားခွဲရုံများ စစ်ဆေး

**ရန်ကုန် ဩဂုတ် ၉**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ (၃၃/ ၆ ဒသမ ၆) ကေဗွီ ဟုန်ဟိုင်းဓာတ်အားခွဲရုံသို့ သွားရောက်ပြီး စီမံကိန်းသုံးပစ္စည်းများ စနစ်တကျထိန်းသိမ်းထားရှိမှု၊ ဓာတ်အားလိုင်းအဝင်/ အထွက် ချိတ်ဆက်သွယ်တန်းထားရှိမှုနှင့် ထရန်စဖော်မာများကြံ့ခိုင်ရေး ထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

### မှာကြား

ထိုမှတစ်ဆင့် (၂၃၀/၆၆/၁၁) ကေဗွီ (၂×၁၀၀) အမ်ဗွီအေ အလုံပင်မဓာတ်အားခွဲရုံသို့ သွားရောက်ပြီး Switch Yard တည်ဆောက်ပြီးစီးမှု၊ ထရန်စဖော်မာများ တပ်ဆင်နိုင်ရန်အတွက် Foundation တည်ဆောက်ပြီးစီးမှုနှင့် ဓာတ်အားလိုင်းများ အဝင်/အထွက် ချိတ်ဆက်သွယ်တန်းပြီးစီးမှု၊ Control Panel Box များတပ်ဆင်ရန် ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးစံချိန် စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုံဓာတ်အားပေးစက်ရုံ၌ Computer System ဖြင့် တာဘိုင်စက်များကို ထိန်းချုပ်၍ စွမ်းအားပြည့်လည်ပတ်မောင်းနှင်နေမှု၊ ဓာတ်အားအဝင် လက်ခံရရှိမှုနှင့် ဖြန့်ဖြူးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အလုံဓာတ်အားပေးစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဩဂုတ် ၉**

၂၀၁၁ ခုနှစ် ဩဂုတ် ၉ ရက် ညနေ ၆နာရီ ၂၂မိနစ် ၂၂စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၂၇၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (ယူနန်ပြည်နယ်အတွင်း) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# တောင်သူများအနေဖြင့် နိုင်ငံတော်၏ စေတနာကို သိရှိနားလည် စိုက်ပျိုးစရိတ် ရင်းနှီးငွေများ ထိရောက်မှန်ကန်စွာအသုံးပြု

**နေပြည်တော် ဩဂုတ် ၉**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းတို့သည် ယနေ့နံနက် ၉နာရီတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါ၊ ပခုက္ကူ၊ မကွေး၊ သရက်ခရိုင်များမှ အထူးအထွက်တိုး စံပြစိုက်ခင်းများအား လေ့လာရန် ရောက်ရှိနေသော တောင်သူလယ်သမား ၁၀၀ တို့အား နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ စံပြစိုက်ကွင်း ဧက ၁၀၀ အတွင်း စိုက်ပျိုးထားသော သိပ္ပံနည်းကျ အထူးအထွက်တိုး စပါးစိုက်ခင်းများ၊ စံပြကြံစိုက်ခင်းများ စံပြနေကြာခင်းများအား တာဝန်ရှိသူများနှင့်အတူ ကိုယ်တိုင်ကိုယ်ကျ လိုက်လံပြသကြသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက မိမိတို့ မကွေးတိုင်းဒေသကြီးမှ တောင်သူလယ်သမားများအား နေပြည်တော်ကောင်စီနယ်မြေ၌ သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် ဖြစ်ထွန်းအောင်မြင်နေသော အထူးအထွက်တိုး စပါးများကို မျက်မြင်လက်တွေ့ လေ့လာစေလိုသောဆန္ဒဖြင့် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ညှိနှိုင်းတိုင်ပင်လျက် ယခုခရီးစဉ်ကို စီစဉ်ရခြင်းဖြစ်ကြောင်း၊ ယခု စံပြစိုက်ခင်းများမှ လေ့လာတွေ့ရှိရသော မျက်မြင်ဗဟုသုတများကို မိမိဒေသ၌ပြန်လည်အသုံးချနိုင်ရန် ရည်ရွယ်၍ လေ့လာကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စိုက်ပျိုးသီးနှံထုတ်လုပ်မှုသည် လူတို့၏ ကြိုးစားအားထုတ်မှုအပေါ်တွင် များစွာတည်မှီနေသည့်အပြင် သဘာဝ မြေ၊ ရေ၊ ရာသီဥတုအပေါ်တွင်လည်း မှီခိုအားထားရသော လုပ်ငန်းတစ်ခုဖြစ်သည့်အားလျော်စွာ ရာသီဥတုဖောက်ပြန်မှုများကြောင့် တောင်သူများအခက်အခဲ တွေ့ကြုံရမှုအပေါ် နိုင်ငံတော်က စာနာထောက်ထားမှု အပြည့်အဝ ရှိပါကြောင်း။

**တွေ့မြင်ကြရ**

နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ ကိုယ်တိုင် သဘာဝဘေးဒဏ်ကြောင့် ရေကြီးနစ်မြုပ်ခဲ့ရသည့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်အပါအဝင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်များသို့ သွားရောက်၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ယခုတောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ် ရင်းနှီးငွေလိုအပ်ချက်အပေါ် နိုင်ငံတော်က မူလငွေကျပ် ၂၀၀၀၀ မှ ယခုငွေကျပ် ၄၀၀၀၀ နှုန်း ထုတ်ချေးပေးရန် ခွင့်ပြုစီစဉ်ပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် နိုင်ငံတော်၏ စေတနာကို သိရှိနားလည်ပြီး မိမိတို့တစ်ဦးချင်း၏ စိုက်ပျိုးစရိတ် ရင်းနှီးငွေများကို ထိရောက်မှန်ကန်စွာ အသုံးပြုကြရန်နှင့် လောင်းကစားဝိုင်းများအပါအဝင် အခြားမသင့်တော်သော နေရာများတွင် အသုံးမပြုကြရန် မှာကြားလိုကြောင်း၊ တောင်သူများ၏ စိုက်ပျိုးငွေအရင်းအနှီး အထောက်အပံ့ အပါအဝင် ကုန်ထုတ်လုပ်ငန်းငယ်များ အရင်းအနှီးရရှိရေးအတွက် ကျေးရွာအလိုက် ငွေစုငွေချေးအသင်းငယ်များ ထူထောင်ဆောင်ရွက်ကြပြီး ငွေချေးယူသုံးစွဲရာတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်မှန်ကန်စွာ အသုံးပြုစေရေး၊ မသမာမှုများအပါအဝင် လေလွင့်ဆုံးရှုံးမှုများမရှိစေရန် အချင်းချင်း ဝိုင်းကြီးချုပ်စနစ်ဖြင့် အကောင်အထည်ဖော်ကြရေး၊ ငွေစုငွေချေး အသင်းအဖွဲ့ငယ်များအား စိတ်တူကိုယ်တူ ဆန္ဒတူ မိမိတို့တစ်ဦးချင်းမှသည် ကျေးရွာမြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းအကောင်အထည်ဖော်ကြရန်လိုကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တာဝန်ရှိသူ မန်နေဂျာများအနေဖြင့် တောင်သူ့လက်ဝယ်အရောက် ထုတ်ချေးငွေများ မှန်မှန်ကန်ကန် အပြည့်အဝ ရောက်ရှိရေးကြပ်မတ် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တစ်ဦးတစ်ယောက်၊ ဌာနများမှ မသမာမှုများ အလွဲသုံးစားရှိလာပါက ကျူးလွန်သည့် ဝန်ထမ်းများကိုထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားနိုင်ရေးအတွက် ဝန်ကြီးဌာနသို့ တိုက်ရိုက်သော်လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်နှင့် အစိုးရအဖွဲ့များ ထံသို့လည်းကောင်း တိုင်ကြားပေးခြင်းအားဖြင့် ထိန်းကျောင်း ကူညီပေးကြရန်လိုကြောင်းဖြင့်ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် အထူးအထွက်တိုး ကြံ ၁၀ ဧက စိုက်ခင်း၌ မြန်မာ့ကြံလုပ်ငန်း ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းမြင့်နှင့် ဒက္ခိဏသီရိမြို့နယ် တောင်သူပညာပေးစိုက်ခင်း ဧက ၄၀ စိုက်ခင်း၌ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်တို့က ရှင်းလင်းပြသဆွေးနွေးကြရာ တောင်သူများက စိတ်ပါဝင်စားစွာ လေ့လာကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက တောင်သူများ၏ သိရှိလိုသည့် အချက်များကို ရှင်းလင်းဖြေကြားကြပြီး လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှုအမှတ်(၃/၂၀၁၁) ရုံးထိုင်ကြားနာ

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့်ကော်မရှင်အဖွဲ့ဝင်အားလုံးသည် ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ်(၃/၂၀၁၁)ကို ယနေ့နံနက်၁၀နာရီတွင်နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ရုံးထိုင်ကြားနာစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဧရာဝတီတံတား(ညောင်တုန်း) ရေလယ်သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း အပြီးသတ် ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၈ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတံတား(ညောင်တုန်း) ပုသိမ်ဘက်ကမ်း စီမံကိန်းလုပ်ငန်းခွင်ရှိ သံပေါင်တပ်ဆင်ပြီးသည့် တံတားပေါ်သို့ တက်ရောက်၍ RP -14 နှင့် RP - 15 တို့၌ ရေလယ်သံပေါင်အား စတင်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် တရုတ်ပညာရှင်များအား ပန်းသီးခြင်းလက်ဆောင်ကိုလည်းကောင်း၊ နေ့/ည စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တံတားတစ်လျှောက် Overlay ခင်းခြင်းလုပ်ငန်းများနှင့် တံတားလက်ရန်းများ သံဂဟေဆော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ပုသိမ်ဘက်ကမ်း ချဉ်းကပ်(ရထား)တံတား ကွန်ကရစ်ရက်မ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ဧရာဝတီတံတား(ညောင်တုန်း)၏ ခန်းဖွင့် ဖွဲ့စည်းပုံမှာ မီတာ ၁၂၀ အရှည် ၁၆ ခန်း၊ မီတာ ၁၀၀ အရှည်နှစ်ခန်း၊ မီတာ ၆၀ အရှည် နှစ်ခန်း စုစုပေါင်း သံပေါင်အခန်း ၂၀ ပါရှိပြီး ပုသိမ်ဘက်ကမ်း ရေလယ်တိုင်သံပေါင်တပ်ဆင်ခြင်း လုပ်ငန်းများ အားလုံးပြီးစီး၍ ကျန်ရှိသည့် ရန်ကုန်ဘက်ကမ်း သံပေါင်တစ်ခန်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကာ တံတားအား သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေးအတွက် တံတားအထူးအဖွဲ့ သုံးဖွဲ့၊ လမ်းအထူးအဖွဲ့သုံးဖွဲ့နှင့် လေယာဉ်ကွင်းအထူးအဖွဲ့ တစ်ဖွဲ့ စုစုပေါင်းခုနစ်ဖွဲ့ဖြင့် အင်အားဖြည့်၍ နေ့/ည လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# သင်္ဘောကြီးများ အန္တရာယ်ကင်းစွာ ဆိုက်ကပ်နိုင်ရေးဆောင်ရွက် ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းလုပ်ကိုင်

**နေပြည်တော် ဩဂုတ် ၉**

ပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဩဂုတ် ၇ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ) **(အပေါ်ပုံ)** သို့ ရောက်ရှိပြီး တာဝန်ရှိသူများအား သင်္ဘောကြီးများ အန္တရာယ်ကင်းစွာ ဆိုက်ကပ်နိုင်ရေး၊ ဆိပ်ကမ်းလုပ်ငန်းများကို နိုင်ငံတကာ အဆင့်မီ ဆောင်ရွက်နိုင်ရေး၊ ၎င်းဆိပ်ကမ်းလုပ်ငန်း ဖွံ့ဖြိုးလာသည်နှင့်အမျှ နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရှာဖွေနိုင်ပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြမည်ဖြစ်သဖြင့် ဆိပ်ကမ်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။ ထို့နောက် MITT ဆိပ်ကမ်း၌ နိုင်ငံခြားသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နေမှု၊ MIPL ဆိပ်ကမ်း၌ သင်္ဘောကြီးများဝင်ရောက် ဆိုက်ကပ်မှုနှင့် စက်သုံးဆီ ဆိပ်ကမ်းများတည်ဆောက်မှု လုပ်ငန်းခွင်တို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လေ့ကျင့်ပေးသွား**

ထိုမှတစ်ဆင့်မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ ရောက်ရှိကာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများအား မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကို ၂၀၀၂ ခုနှစ် ဩဂုတ် ၁ရက်တွင် ဖွင့်လှစ်ပေးခဲ့ရာ ယခုဆိုလျှင် ကိုးနှစ်ကာလသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ တက္ကသိုလ်အနေဖြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အပြီး မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပါရဂူဘွဲ့ သင်တန်းများ ဖွင့်လှစ်နိုင်ရေး ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ ၎င်းတက္ကသိုလ်ဘွဲ့ရများသည် နိုင်ငံတကာ ပင်လယ်ရေကြောင်းလုပ်ငန်းတွင် အခြားသောနိုင်ငံများမှ ရေကြောင်းပညာရှင်များနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်အောင် လေ့ကျင့်ပေးသွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရန်ကုန်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူပြုစေမည့် ရန်ကုန်မြစ်ကြောင်းပုံစံငယ် (Physical Model) တည်ဆောက်၍ ရန်ကုန်မြစ်အတွင်း ရေစီးဆင်းမှု၊ နုန်းအနည်ပို့ချမှု၊ ရေလမ်းကြောင်းထိန်းသိမ်းနိုင်ရေးကိစ္စများ သုတေသနပြုဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြစ်ကြောင်း၌ တန်ချိန်(၁၅၀၀၀) ရေယာဉ်ကြီးများ ဝင်ထွက်ဆိုက်ကပ်နေရာမှ တန်ချိန်(၃၅၀၀၀)ခန့် ရေယာဉ်ကြီးများ ဝင်ထွက်ဆိုက်ကပ်နိုင်ရေးအတွက် Master Plan ရေးဆွဲဆောင်ရွက်ရာတွင် တက္ကသိုလ်ရှိ ပညာရှင်များက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများနှင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ကွင်းဆင်းဆောင်ရွက်

**နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများရောင်းချမှု ရှိ၊မရှိကို ဇူလိုင် ၆ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဝေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဆရာဝန်ကြီးနှင့် အမှုဆောင်အရာရှိ ဦးဆန်းမင်းတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။**

(မြို့နယ်စည်ပင်)

# ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၉

သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းတွင် ပေါက်မြို့၌ ချင်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျော့နည်းပပျောက်ရေးအတွက် ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများ တင်ဆောင်လာသော ယာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဆော့မြို့နယ် ကျောက်စစ်ကြီးဝိုင်းရှိ ၁/၂၀၀၄ ကျွန်းအထူး စိုက်ခင်းဧက ၈၀၀ အောင်မြင် ဖြစ်ထွန်းနေမှုနှင့် သဘာဝတောကာကွယ်ထိန်းသိမ်းထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့်အတူ ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် ကန်ပက်လက်မြို့နယ် နတ်မတောင် အမျိုးသားဥယျာဉ်ရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အရှေ့တောင်အာရှ၏ အမြင့်ဆုံး မြေသားဖုံးလွှမ်းတောင် ဖြစ်သည့် နတ်မတောင် အမျိုးသားဥယျာဉ်သည် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၌သာ ရှိသည့် ရှားပါးငှက်မျိုးများ၊ မျိုးသုဉ်းပျောက်ကွယ်လုဖြစ်သည့် ရှားပါးငှက်မျိုးများရှိခြင်း၊ အမျိုးသားဥယျာဉ်ကြီးတစ်ခု၏ အင်္ဂါရပ်များ ပြည့်စုံအောင် ဆက်လက်ထိန်းသိမ်းခြင်းနှင့် ရိဒ်ရေကန် စသည့် သဘာဝအခြေခံသော ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် အထက်တန်းကျောင်း၌ ပေ ၃၀× ပေ ၁၂၀ ကျောင်းခန်းမဆောင် ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ဆောက်လုပ်ရေးပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

**လှူဒါန်း**

ဆက်လက်၍ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဝင်းအတွင်း ကတ္တရာလမ်းခင်းနိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ ပြည်သူ့ဆေးရုံ၌ လူနာများအား အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း၊ ဆေးရုံအတွက် ဆိုလာမီးအိမ်နှင့် ဆေးပဒေသာပင်ငွေကျပ်သိန်း ၁၀၀တို့ကို လည်းကောင်း လှူဒါန်းသည်။

ထို့နောက် မြို့နယ်ခန်းမ၌ ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်း ပပျောက်ရေးအတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ရပ်ဝေးကျောင်းသား ကျောင်းသူများအတွက် ဘော်ဒါဆောင် လေးလုံးဆောက်လုပ်ရန် သွပ်အချပ် ၄၈၀၊ ဘိလပ်မြေအိတ် ၃၂၀ နှင့် ငွေကျပ် ၁၉၅သိန်း၊ အခြေခံပညာ အောင်မြင်စွာ သင်ကြားနိုင်ရေးအတွက် ဥပမိရုပ်မကောင်းသောကျောင်းများ ပြုပြင် ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၁၅၀နှင့် ကျေးရွာစာကြည့်တိုက်များအတွက် ၂၂လက်မ တီဗွီ သုံးလုံးတို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ဘုန်းတော်ကြီးသင်ပညာရေး မူလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူများအတွက် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းပြီး ပါကွန်းကျေးရွာ ရွှေတောင်တန်း လက်ဖက်၊ ဝဥနှင့် နတ်ဆေးဂမုန်း စိုက်ပျိုးရေးခြံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညနေပိုင်းတွင် မင်းတပ်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသော ချင်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး တွေ့ဆုံပွဲသို့ တက်ရောက်ကာ ပြည်နယ်အတွင်း ရပ်ဝေးကျောင်းသား ကျောင်းသူများအတွက် ဘော်ဒါဆောင် ၄၀ ဆောက်လုပ်ရန် သွပ်အချပ် ၄၈၀၀၊ ဘိလပ်မြေအိတ် ၃၂၀၀နှင့် ငွေကျပ် ၁၉၅၄ သိန်း၊ ကျေးရွာ ခြောက်ရွာ မီးလင်းရန်အတွက် ငွေကျပ်သိန်း ၁၅၀၊ ဥပမိရုပ် မကောင်းသော ကျောင်းငါးကျောင်း ပြုပြင်ဆောက်လုပ်ရန် အတွက် ငွေကျပ်သိန်း ၁၁၀၊ ကန်ပက်လက်မြို့နယ် မုန်းချောင်းကြိုးတံတား တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၂၀၀၊ မြေပြို၍ပျက်စီးခဲ့သော ပလက်ဝမြို့နယ် ပါရာကျေးရွာ မူလွန်ကျောင်း ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၁၀၀၊ ကျေးရွာစာကြည့်တိုက်များအတွက် ၂၂ လက်မတီဗွီ အလုံး ၃၀နှင့် စစ်မှုထမ်းဟောင်းရုံး ပြုပြင်ရန်အတွက် ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းပြီး ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းရိပ်သာ၌ ချင်းပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် သစ်မာခွဲသား တန် ၅၀၀ကို ပေးအပ် လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် ၅၆ မိုင်ရှိ တောင်တန်းသာသနာပြု ဘုန်းတော်ကြီးကျောင်းအား အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းပြီး မွန်းလွဲပိုင်းတွင် မတူပီမြို့နယ်ခန်းမ၌ ကျင်းပသော ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်း ပပျောက်ရေး တွေ့ဆုံပွဲသို့တက်ရောက်၍ မတူပီမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ဆောက်လုပ်လျက်ရှိသော ကျောင်းဆောင် အပြီးသတ်ဆောက်လုပ်နိုင်ရေးအတွက် ငွေကျပ်သိန်း ၁၀၀(**အပေါ်ပုံ**)၊ တီဆီးကျေးရွာ မူလတန်းလွန်ကျောင်း ပြုပြင်ရန်အတွက် ငွေကျပ် သိန်း ၅၀၊ စဘောင်ပီးကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် ငွေကျပ်သိန်း ၄၀၊ ထန်ပိန်းကျေးရွာ လျှပ်စစ်မီးလင်းရေး အတွက် ငွေကျပ်သိန်း ၂၀၊ ရေဇွာမြို့နယ်ခွဲ အထက်တန်းကျောင်းဆောင် ပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၄၀ နှင့် သောက်သုံးရေရရှိရေး ရေပိုက်သွယ်တန်းရန်အတွက် ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

**ညှိနှိုင်းဖြည့်ဆည်း**

ထိုမှတစ်ဆင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများအတွက် အလှူငွေများ၊ ဆေးရုံအတွက် ဆိုလာမီးအိမ် ခုနစ်လုံးနှင့် ဆေးပဒေသာပင် ငွေကျပ်သိန်း ၁၀၀ကို လှူဒါန်း၍ ဆေးရုံအတွက် လိုအပ်သော ECG စက်တစ်လုံးနှင့် အောက်ဆီဂျင်စက် တစ်လုံး လှူဒါန်းနိုင်ရေး ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် မင်းတပ်မြို့ တောင်ပုလု ပရိယတ္တိ၊ ပဋိပတ္တိစာသင်တိုက်သို့ သွားရောက်၍ ကျောင်းအတွက် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းပြီး မွန်းလွဲပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းရိပ်သာ၌ မင်းတပ်မြို့ ဆေးရုံသွားဆေးခန်းအတွက် အလှူငွေကျပ်သိန်း ၂၀ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရွှေဟသာ်လမ်းကတ္တရာခင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်စုစုလင်းနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီ ဦးမောင်မောင်ဝင်းတို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၉ ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်တို့ ကွင်းဆင်းကြီးကြပ်စဉ်။** (မြို့နယ်စည်ပင်)

## မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် ရေးသားသည်

# နေတိုးရဟတ်ယာဉ် ထပ်မံပျက်ကျ ကန်တပ်ဖွဲ့ဝင် ၃၃ ဦး သေဆုံး

ကဘူးလ် ဩဂုတ် ၉

အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ပိုင် ရဟတ်ယာဉ်နောက်တစ်စင်း အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပက်တီယာပြည်နယ်၌ ဩဂုတ် ၈ ရက်ညက ထပ်မံပျက်ကျခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ၃၃ ဦးသေဆုံးကြောင်း ဩဂုတ် ၉ ရက်က ပရက်စ်တီဗွီသတင်းထောက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ (ဝဲပုံ)

**ပျက်ကျ**

နေတိုးတပ်ဖွဲ့ပိုင် ရဟတ်ယာဉ်ပျက်ကျရခြင်းမှာ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ဇာဘီဘူလာမိုဂျာဟစ်က ဩဂုတ် ၈ ရက်တွင် ပြောကြားသည်။ ရဟတ်ယာဉ်ပျက်ကျသဖြင့် လိုက်ပါလာသူ အမေရိကန်တပ်ဖွဲ့ဝင် ၃၃ ဦးသေဆုံးကြောင်း ၎င်းကပြောကြားသည်။ ဩဂုတ် ၆ ရက်ကလည်း နေတိုးအဖွဲ့ပိုင်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ၃၁ ဦးသေဆုံးခဲ့သည်။ ယခုတစ်ဖန် တာလီဘန်တို့လက်ချက်ဖြင့် ရဟတ်ယာဉ်တစ်စင်း ထပ်မံပျက်ကျခြင်းဖြစ်သည်။ **(အင်တာနက်)**

# ကမ္ဘောဒီးယားကုန်တင်သင်္ဘောနှင့် ငါးဖမ်းစက်လှေတိုက်မိ

ဖူကျို့ ဩဂုတ် ၉

တရုတ်နိုင်ငံ ဖူကျို့ပြည်နယ် အရှေ့တောင်ပိုင်းကမ်းလွန်တွင် ဩဂုတ် ၉ ရက် နံနက် ၄ နာရီခန့်က ကမ္ဘောဒီးယားကုန်တင်သင်္ဘောတစ်စင်းနှင့် ငါးဖမ်းစက်လှေတစ်စင်းတို့ တိုက်မိခဲ့ရာ သင်္ဘောသားနှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း တရုတ်ရေကြောင်းအရာရှိများက ပြောကြားသည်။ **(ယာပုံ)**

**ကယ်ဆယ်နိုင်**

ကမ္ဘောဒီးယားကုန်တင်သင်္ဘောပေါ်တွင် စကျင်ကျောက်များ မက်ထရစ်တန် ၅၀၀၀ သယ်ဆောင်ကာ သင်္ဘောသား ၁၅ ဦး လိုက်ပါလာခဲ့သည်။ တရုတ်ရေကြောင်းကယ်ဆယ်ရေးအဖွဲ့က အခင်းဖြစ်ပွားရာသို့ရောက်ရှိပြီး ရှာဖွေမှုများ ပြုလုပ်ခဲ့ရာ ဩဂုတ် ၉ ရက် နံနက် ၉ နာရီ မိနစ် ၃၀ ခန့်က သင်္ဘောသား ၁၃ ဦးကို ကယ်ဆယ်နိုင်ခဲ့သည်။

**ရပ်နားထား**

ပျောက်ဆုံးနေသော သင်္ဘောသားနှစ်ဦးကို ဆက်လက်ရှာဖွေလျက်ရှိသည်။ ကုန်တင်သင်္ဘောနှင့်တိုက်မိသော ငါးဖမ်းစက်လှေမှာ တိမ်းမှောက်သွားခဲ့သည်။ ကုန်တင်သင်္ဘောမှာ ကျန်ကျို့မြို့အနီး ရေပြင်တွင် ရပ်နားထားလျက်ရှိသည်။

**(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ

ကောင်းမြတ်သူ - စုစည်းသည်

### ရုရှား၌ ခရီးသည်တင်လေယာဉ် ပြေးလမ်းချော်

မော်စကို ဩဂုတ် ၉

**ခရီးသည် ၃၆ ဦးလိုက်ပါလာသည့် ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဩဂုတ် ၈ ရက်က ရုရှားနိုင်ငံအရှေ့ဖျား ဘလာဂိုဗက်ချန့်လေဆိပ်၌ ပြေးလမ်းချော်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၁ ဦး သေဆုံးသွားခဲ့သည်။**

**အနာတိုနော့ဗ်-၂၄ ဟုအမည်ပေးထားသော အဆိုပါလေယာဉ်သည် မော်စကို ဒေသစံတော်ချိန် နံနက် ၈ နာရီ ၂၅မိနစ်က မိုးသည်းထန်စွာရွာသွန်းနေချိန် ဆင်းသက်ခဲ့သဖြင့် သတ်မှတ်ဆင်းသက်ရမည့်နေရာကို ကျော်လွန်ကာ မီတာ ၂၀၀ ခန့်အကွာ အဝေးသို့ လမ်းချော်ရောက်ရှိသွားခဲ့သည်။** အမ်အင်န်အေ၊ဆင်ဟွာ

### တရုတ်၌ မုန်တိုင်းကြောင့် ဒေါ်လာသန်း ၄၈၀ ဖိုးဆုံးရှုံး

ပေကျင်း ဩဂုတ် ၉

တရုတ်ကမ်းရိုးတန်းဒေသသို့ အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် နေအိမ်ရာပေါင်းများစွာပျက်စီးပြီး ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၄၈၀ ဖိုး ဆုံးရှုံးခဲ့ကြောင်း တရုတ်အစိုးရတာဝန်ရှိသူများက ဩဂုတ် ၉ ရက်တွင် ပြောကြားသည်။ မူအီဖာအမည်ရှိ မုန်တိုင်းကြောင့် လူပေါင်း ၁ ဒသမ ၃၅ သန်း ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးရပြီး နေအိမ် ၆၀၀ ကျော်ပျက်စီးခဲ့ရသည်။ ယင်းမုန်တိုင်းသည် ဩဂုတ် ၉ရက် ညပိုင်းတွင် မြောက်ကိုရီးယားသို့ ဝင်ရောက်ခဲ့ရာ အနည်းဆုံး လူ ၁၀ဦး သေဆုံးပြီး သီးနှံစိုက်ခင်း ဟက်တာထောင်ချီ ပျက်စီးသွားကြောင်း မြောက်ကိုရီးယားနိုင်ငံက ကြေညာသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

### အီရန်တွင် သဘာဝဓာတ်ငွေ့သိုက်သစ်တွေ့ရှိ

တီဟီရန် ဩဂုတ် ၉

**အီရန်နိုင်ငံ အဆာလုယက်ဒေသ အရှေ့ပိုင်း၌ သဘာဝဓာတ်ငွေ့သိုက်သစ်ကို တွေ့ရှိထားကြောင်း အီရန်အမျိုးသားရေနံကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ အာမက် ကွာလီဘာနီက ဩဂုတ် ၉ ရက်တွင် ပြောကြားသည်။ အဆိုပါ ဓာတ်ငွေ့သိုက်သည် အဆာလုယက်အရှေ့ဘက် ၁၅ ကီလိုမီတာအကွာတွင်တည်ရှိပြီး ၎င်းဓာတ်ငွေ့သိုက်ကို မာဒါဟုအမည်ပေးထားသည်။ ယင်းဓာတ်ငွေ့သိုက်သည် ကာလတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၃ ဘီလီယံဖိုးရှိသည်။** (အင်တာနက်)

### ဖူကူရှီးမားဓာတ်အားပေးစက်ရုံ ဒေါ်လာ ခုနစ်ဘီလီယံကျော် ဆုံးရှုံး

တိုကျို ဩဂုတ် ၉

မတ်လအတွင်း ဂျပန်နိုင်ငံတွင် မြေငလျင်နှင့်ဆူနာမီကြောင့် ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံ ပျက်စီးခဲ့ရာ ဆုံးရှုံးမှုတန်ဖိုး ယန်းငွေဘီလီယံ ၅၇၁ ဒသမ ၈ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၄ဘီလီယံ)ဖိုးရှိခဲ့ကြောင်း တိုကျိုအီလက်ထရွန်နစ်ဓာတ်အားပေးကုမ္ပဏီ(တက်ခ်ကို)က ဩဂုတ် ၉ ရက်တွင် ကြေညာလိုက်သည်။ **(အင်တာနက်)**

# ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားဆောင်ရွက်မှုများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၉

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်နှင့် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်တို့လိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။** (ယာပုံ)

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် ဇေယျာသီရိ မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းကျန်းမာရေးဆိုင်ရာ လုပ်ငန်းစဉ်များဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးက ကျောင်းသားကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေး ဆောင်ရွက်ကြရန်၊ ကျန်းမာရေးအလေ့အကျင့်ကောင်းများဖြင့် နေ့စဉ်ပြုမူနေထိုင်ကြရန်၊ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက် ထူးချွန်သူများဖြစ်အောင်ကြိုးစားကြရန်၊ အင်အားဖြစ်စေပြီး ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသော အစားအစာများ၊ ရောဂါကာကွယ်စေသော အစားအစာများကို မျှတစွာစားသုံးကြရန်နှင့် မိမိကိုယ်တိုင် သိရှိပြီးသော ကျန်းမာရေးဗဟုသုတများ ပြန့်ပွားအောင် လက်ဆင့်ကမ်း ဖြန့်ဝေပေးရန်တို့ကို မှာကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ အဆိုပါကျောင်း၌ ခင်းကျင်းပြသထားသော ကျောင်းကျန်းမာရေး အသိပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းသားကျောင်းသူလေးများအား သန်ချဆေးတိုက်ကျွေးကာ ကလေးများအား အာဟာရကျွေးမွေးနေမှုများ၊ ကျန်းမာရေးစစ်ဆေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် နေပြည်တော် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းကျန်းမာရေးဆိုင်ရာလုပ်ငန်းစဉ်(၅)ရပ် ဆောင်ရွက်နေမှုများ၊ အာဟာရကျွေးမွေးနေမှုများ၊ ကျန်းမာရေး စစ်ဆေးနေမှုများ၊ ပညာပေးဟောပြောနေမှုများနှင့် ကျောင်းကျန်းမာရေး အသိပညာပေးပြခန်းအတွင်း ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် သင်တန်းများဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဩဂုတ် ၉

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်သည် ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေး ကျောင်း၌ကျင်းပသော စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၄၅/၄၆)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၂၄)နှင့် စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၇၅/၇၆)သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

**နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် သင်တန်းများ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

**လှည့်လည်ကြည့်ရှု**

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် သင်တန်းသားများ၏ အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာနှင့် ကျောင်းဝင်းအတွင်း စိုက်ပျိုးထားသော ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**တက်ရောက်**

ယခုဖွင့်လှစ်သည့် သင်တန်းများဖြစ်သော စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၄၅) သို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးရာ ဦးစီးဌာနတို့မှ သင်တန်းသား ၁၈ ဦး၊ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၄၆)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနတို့မှ သင်တန်းသား ၃၀၊ အဆင့်မြင့်စက်ချုပ် သင်တန်းအမှတ်စဉ်(၂၄)သို့ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၂၀၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၇၅)သို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့မှ သင်တန်းသား ၂၅ ဦး၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၇၆)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ သင်တန်းသား ၃၁ ဦး စုစုပေါင်း သင်တန်းသား ၁၂၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၂ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်း တိုက်ကြီးမြို့၌ဖွင့်

ရန်ကုန် ဩဂုတ် ၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲကို တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းတွင် ဩဂုတ် ၂ ရက် နံနက်ပိုင်းက ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ သင်တန်းကျောင်း ညွှန်ကြားရေးမှူး ကျောင်းအုပ်ကြီး ဦးသန်းနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်မြေစာရင်းဦးစီးဌာနများမှ ဒုတိယဦးစီးမှူး သင်တန်းသား ၈၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၉ ရက်အထိ ရက်သတ္တ သုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

**(မြေစာရင်းဦးစီး)**

## မြဝတီရုပ်မြင်သံကြား

**၁၀-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၂ | ၂။ | အဖွင့်နှုတ်ခွန်းဆက်စကား |
| ၇:၀၅ | ၃။ | နိုင်ငံတော်သီချင်း |
| ၇:၁၀ | ၄။ | တရားတော် |
| ၇:၁၅ | ၅။ | ဓမ္မပူဇာတေး |
| ၇:၂၀ | ၆။ | မျိုးချစ်တပ်မတော် |
| ၇:၂၅ | ၇။ | မြန်မာ့ရှုခင်း |
| ၇:၃၀ | ၈။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၀ | ၉။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၈:၁၅ | ၁၃။ | အပိတ်နှုတ်ဆက်စကား |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၁ | ၂။ | အဖွင့်နှုတ်ခွန်းဆက်စကား |
| ၄:၀၂ | ၃။ | နိုင်ငံတော်သီချင်း |
| ၄:၀၃ | ၄။ | အဖွင့်သီချင်း |
| ၄:၁၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၄:၂၀ | ၆။ | လျှပ်တစ်ပြက် |
| ၄:၂၅ | ၇။ | အမျိုးသားရေးတေးကဗျာ |
| ၄:၃၀ | ၈။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၅၀ | ၉။ | ဇာတ်လမ်းတို |
| ၅:၀၀ | ၁၀။ | ရွှေဟောင်းသုတ |
| ၅:၁၀ | ၁၁။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅:၃၀ | ၁၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၈၉) |
| ၆:၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၄။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၀ | ၁၅။ | **Mail Box** |
| ၆:၃၅ | ၁၆။ | ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၄၆) |
| ၇:၀၀ | ၁၇။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း -၃၈) |
| ၈:၀၀ | ၁၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၉။ | အမျိုးသားရေးတေးကဗျာ |
| | ၂၀။ | ဒို့တာဝန်အရေးသုံးပါး |
| | ၂၁။ | နိုင်ငံတကာသတင်း |
| | ၂၂။ | မိုးလေဝသသတင်း |
| | ၂၃။ | ရယ်စရာပျော်စရာဟာသကမ္ဘာ **ရောဂါ** (ဒုတိယပိုင်း) ကောင်းပြည့်၊မျိုးမျိုးခိုင်၊ ခင်လှိုင်၊ ဒိန်းဒေါင်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ) |
| | ၂၄။ | အိုင်စီတီသုတ |
| | ၂၅။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရောင်ပြန်မေတ္တာ**(အပိုင်း-၇) |
| | ၂၇။ | ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် |
| | ၂၈။ | သင့်အတွက်မနက်ဖြန် |

# စပါးစိုက်ပျိုးဧက ကန်ကြီးထောင့်၌ စာရင်းကောက်ယူ

**ကန်ကြီးထောင့် ဩဂုတ် ၉**

ပုသိမ်မြို့နယ် ကိုးဆူးကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ် ခုံစင်ကုန်းကျေးရွာနှင့် ရပ်ကွက်အမှတ်(၃) တို့တွင် ၂၀၁၁-၂၀၁၂ခုနှစ် ကျေးရွာအုပ်စုအလိုက် တောင်သူဦးရေစာရင်းနှင့် စပါးစိုက်ပျိုးဧကစာရင်း ကောက်ယူနေမှုကို ဩဂုတ် ၂ ရက်က ပုသိမ်ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းကျော်၊ ပုသိမ်မြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူးဦးလှဝေ၊ ကန်ကြီးထောင့်မြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်သောင်း၊ ပုသိမ်နှင့် ကန်ကြီးထောင့်မြို့နယ်တို့မှ မြေစာရင်းဝန်ထမ်းများ၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။ **(အောက်ပုံ)** ထို့နောက် ခရိုင်မြေစာရင်းဦးစီးဌာန ဦးစီးမှူးဦးသိန်းကျော်က တက်ရောက်လာသည့် တောင်သူလယ်သမားများအား စပါးတစ်ဧက တင်း ၁၀၀ နှုန်းအထက် ထွက်ရှိရန် လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄)ချက်ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ်မြေစာရင်းဦးစီးဌာန)**

# တောင်သူစာရင်းနှင့် မိုးစပါးစိုက်ဧကစာရင်း အုတ်ဖိုမြို့နယ်၌ ကွင်းဆင်းကောက်ယူ

**အုတ်ဖို ဩဂုတ် ၉**

အုတ်ဖိုမြို့နယ် သင်မန်းကုန်းကျေးရွာအုပ်စုရှိ ကျေးရွာများတွင် ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးစိုက်တောင်သူဦးရေစာရင်းနှင့် မိုးစပါးစိုက်ပျိုး ဧကစာရင်းများ ကောက်ယူခြင်းကို ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ကွင်းဝန်ထမ်းများ ကွင်းဆင်းကောက်ယူလျက်ရှိရာ ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးဦး၊ ခရိုင်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိန်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးလင်းအေးချမ်းမောင်မောင်တို့ ကွင်းဆင်းစစ်ဆေးပြီး စာရင်းပြုစုရာတွင် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(၁၁၁)

**ဇူလိုင် ၃၁ ရက်က လားရှိုးမြို့ အထက(၆)ခန်းမတွင် အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြင့်ကိုကိုက ကျောင်းသူတစ်ဦးအား စိစစ်ရေးကတ်ပြားပေးအပ်စဉ်။** (ခရိုင် ပြန်/ဆက်)

**ရှင်းလင်းတင်ပြ**

**သံဖြူဇရပ်မြို့အဝင် ဖောင်စိန်ဂိတ်ဆိုင်းဘုတ်နှင့် မြေယာရှုခင်းအလှဆောင်ရွက်ခြင်းလုပ်ငန်းကို ဇူလိုင် ၃၁ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ကျွန်တော်တို့လည်း ဧရာဝတီကိုချစ်ပါတယ်

ကျွန်တော်ဟာ မြန်မာလူမျိုးပါ။ မြန်မာလူမျိုးပီသစွာ ဧရာဝတီကို ချစ်ပါတယ်။ မြစ်မင်းဧရာဝတီကို အထက်အောက် စုန်ချည်ဆန်ချည်၊ ဟိုဘက်ဒီဘက် ကူးချည်သန်းချည်လို့ ပြောရလောက်အောင် ဧရာဝတီရဲ့ ရင်ခွင်မှာ လူးလာခေါက်ပြန် ကြီးပြင်းရှင်သန်ရင်း လူလားမြောက်ခဲ့ရတာပါ။ ဧရာဝတီရေကိုသောက်ပြီး ဧရာဝတီကကျွေးတဲ့ထမင်းကို စားရင်း ဒီနေ့ ဒီအခြေ ရောက်ခဲ့ရသူပါ။ ဒါကြောင့် မြန်မာတို့ရဲ့ အသက်သွေးကြောဖြစ်တဲ့၊ ခေတ်အဆက်ဆက် မြန်မာရာဇဝင်များရဲ့ သတို့သမီးလည်းဖြစ်တဲ့ ဧရာဝတီကို ရင်ထဲ အသည်းထဲစွဲနေအောင် ချစ်ပါတယ်။

အခုတလော ကျွန်တော်တို့ရဲ့ မြစ်မင်းဧရာဝတီနဲ့ပတ်သက်ပြီး ပြောကြဆိုကြ၊ ဆွေးနွေးနေကြတာတွေ ဟိုတစ်စဒီတစ်စ ကြားသိနေရပါတယ်။ အထူးသဖြင့် အင်တာနက် သတင်းဆောင်းပါးတွေမှာ ဧရာဝတီနဲ့ပတ်သက်ပြီး အမြင်အမျိုးမျိုး၊ ရှုထောင့်အဖုံဖုံနဲ့ ပြောကြဆိုကြ၊ ရေးနေကြတာတွေကို ဖတ်ဖြစ်ပါတယ်။ တချို့တွေ တော်တော်လေး အထင်မှား၊ အမြင်မှားဖြစ်နေပုံပါပဲ။ အချို့ကျတော့လည်း သိသိကြီးနဲ့ အစိုးရကို မကောင်းမြင်စိတ်နဲ့ ပြစ်တင်ရှုတ်ချဝေဖန်ရာမှာ ဧရာဝတီကို ခုတုံးလုပ် အသုံးချနေပါတယ်။ တစ်ဖက်စွန်းရောက် ရေးသားမှုတွေနဲ့ ဧရာဝတီဟာ အသက်ငင်နေပြီး သေဆုံးတော့မယောင်ယောင် လုပ်ကြံဖန်တီးနေတာတွေလည်း တွေ့ရပါတယ်။ အင်တာနက်မှာ ကိုယ်ရေးချင်ရာ ရေးခွင့်ရှိတယ်ဆိုပေမယ့် ကိုယ်ပြောတဲ့စကားတစ်ခွန်း၊ ကိုယ်ရေးခဲ့တဲ့စာတစ်ကြောင်းအတွက် တာဝန်ယူကြရမှာပါ။

အဲဒီလို ဧရာဝတီနဲ့ပတ်သက်ပြီး ခုတုံးလုပ် အသုံးချ ရေးသားနေကြသူတွေထဲမှာ မြန်မာ့မြေပေါ်မှာနေပြီး ဧရာဝတီရေကို သောက်နေကြသူတွေထက် အမေရိကန်လို အနောက်နိုင်ငံတွေမှာနေထိုင်ပြီး တိုင်းပြည်ကို လက်ညှိုးထိုးရောင်းစားဖို့ ကြိုးစားနေတဲ့ မျိုးမစစ်ပုဂ္ဂိုလ်တွေက ပိုပြီးကဲနေတာကို တွေ့ရပါတယ်။ အဲဒီမျိုးမစစ်ပုဂ္ဂိုလ်တွေ ဧရာဝတီချစ်တယ်ဆိုတာထက် ဧရာဝတီရင်ခွင်မှာ တကယ်မှီတင်းနေထိုင်နေတဲ့ ကျွန်တော်တို့က အဆ ရာထောင်မက ပိုချစ်ပါတယ်။ ဧရာဝတီဟာ ကျွန်တော်တို့ရဲ့ အသက်သွေးကြောပါ။ ဒါကြောင့် ကျွန်တော်တို့ကလည်း ဧရာဝတီကို ဘယ်တော့မှ အဆုံးရှုံးခံမှာ မဟုတ်ဘူး။ ကမ္ဘာတည်သရွေ့၊ မြန်မာတည်သရွေ့ ဧရာဝတီတည်နေမယ်ဆိုတာ အားလုံးသိအောင် ရှင်းပြချင်ပါတယ်။

လူ့ပယောဂကြောင့် သေဆုံးခဲ့ရတဲ့ မြစ်ဝါမြစ်ကြီးလို ဧရာဝတီလည်း မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့် များမကြာမီမှာ သေဆုံးရတော့မယောင်ယောင် ရေးသားနေကြပါတယ်။ ဒါလုံးဝမဟုတ်ပါဘူး။ တကယ်တော့ ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းဟာ မေခ၊ မလိခ မြစ်နှစ်ခုဆုံရာ မြစ်ဆုံရဲ့အောက်ဘက်အနီးမှာ တမံပိတ်ပြီး တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ တိတိကျကျပြောရရင် မြစ်ဆုံရဲ့အောက်ဘက် ၄ ဒသမ ၃ မိုင်အကွာ တန်ဖဲရွာအနီးမှာ တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ စုစုပေါင်းရေစီးဝင်တဲ့ ဧရိယာပမာဏ စတုရန်းကီလိုမီတာ ၄၁၀၀၀၀ ရှိပြီး အဲဒီအထဲက ၄၇၂၆၅ စတုရန်းကီလိုမီတာကိုသာ အသုံးပြုမှာဖြစ်ပါတယ်။ စုစုပေါင်း ရေစီးဝင်တဲ့ဧရိယာပမာဏရဲ့ ၁၁ ဒသမ ၅ ရာခိုင်နှုန်းကိုသာ စီမံကိန်းအတွက် အသုံးပြုမှာဖြစ်တဲ့အတွက် ဧရာဝတီမြစ်ကြီး ခန်းခြောက်သွားစရာအကြောင်း လုံးဝမရှိပါဘူး။ နောက်တစ်ချက်က မြစ်ဆုံစီမံကိန်းနေရာရဲ့ နှစ်စဉ် မိုးရွာသွန်းမှုဟာ ပျမ်းမျှ မိုးရေချိန် ၉၁ လက်မဖြစ်ပြီး ဧရာဝတီမြစ်အတွင်းကို နှစ်စဉ်စီးဝင်တဲ့ ပျမ်းမျှစီးဝင်ရေမှာ ဧကပေ ၁၂၈၅ ဒသမ ၂ သိန်းဖြစ်ပါတယ်။ မြစ်ဆုံတမံရဲ့ ရေသိုလှောင်နိုင်မယ့် ကန်ရေပြည့်ရေလှောင်ပမာဏဟာ ဧက ပေ ၉၇ ဒသမ ၈၈ သိန်းသာ ဖြစ်ပါတယ်။ ဒါကြောင့် တမံရဲ့ သိုလှောင်ရေပမာဏဟာ စီးဝင်ရေပမာဏရဲ့ ၇ ဒသမ ၆ ရာခိုင်နှုန်းသာ ရှိတဲ့အတွက် ကျန်စီးဝင်ရေ ၉၂ ဒသမ ၄ ရာခိုင်နှုန်းဟာ ဧရာဝတီမြစ်ထဲကို နဂိုမူလအတိုင်း စီးဆင်းမြဲ စီးဆင်းနေမှာသာ ဖြစ်ပါတယ်။

**နောက်တစ်ချက်က ဧရာဝတီမြစ်ထဲကို စီးဝင်မှုဟာ မေခ၊ မလိခမြစ်နှစ်စင်းတည်း မဟုတ်ပါဘူး။ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ ဆိုတဲ့ စကားအတိုင်း မြစ်ဆုံရဲ့အောက်ပိုင်းမှာ တာပိန်မြစ်၊ ရွှေလီမြစ်၊ ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်၊ မြစ်ငယ်မြစ်၊ ချင်းတွင်းမြစ်၊ ဒုဋ္ဌဝတီမြစ် စတဲ့ မြစ်ကြီးများအပါအဝင် မြစ်ကြီးမြစ်ငယ်များ၊ ချောင်းကြီးချောင်းငယ်များ အများအပြား ပုံမှန်အတိုင်း စီးဝင်နေမှာဖြစ်ပါတယ်။ ဒီ့ထက်ပိုစကားကပ်ပြီးပြောကြကြေးဆိုရင် အဲဒီမြစ်ဆုံတမံမှာသိုလှောင်ထားတဲ့ရေအားလုံးဟာလည်း လျှပ်စစ်ဓာတ်အားပေးစက်တွေ မောင်းနှင်လည်ပတ်တဲ့အခါ စက်ရုံရေထုတ်မြောင်းက တစ်ဆင့် ဧရာဝတီမြစ်ထဲကိုပဲ ပြန်ပြီးစီးဝင်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် မြစ်ဆုံတမံကြောင့်ဖြင့်တော့ ဧရာဝတီမြစ်ကြီး တိမ်ကောသွားစရာအကြောင်း လုံးဝမရှိဘူးဆိုတာ ထင်ရှားပါတယ်။ အလားတူ မေခ၊ မလိခမြစ်နှစ်သွယ်ဟာလည်း ပျောက်ပျက်သွားမှာမဟုတ်ဘဲ ဧရာဝတီနဲ့အတူ ထာဝရရှင်သန်နေမှာသာ ဖြစ်ပါတယ်။**

ဆက်ပါဦးမယ်။ ဧရာဝတီမြစ်ဆုံမှာ တမံပိတ်ထားတဲ့အတွက် နွေရာသီမှာ ရေဝင်မှုမရှိတော့ဘဲ ဧရာဝတီမြစ်ကြီး တိမ်ကောသွားမှာ စိုးရိမ်နေကြသူတွေ ရှိနေပါတယ်။ ဒါပေမယ့် မြစ်ဆုံရေကာတာနဲ့ ပတ်သက်တဲ့ စီမံကိန်းတွေကို ဆောင်ရွက်နေကြတဲ့ ပညာရှင်တွေရဲ့ အဆိုအရ တမံကနေ ရေထိန်းသိမ်းမှုကြောင့် မိုးရာသီကာလမှာ ပုံမှန်မြစ်ရေထုစီးနှုန်းထက် ၃ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းစီးဆင်းမှာဖြစ်သော်လည်း နွေရာသီကာလ (နိုဝင်ဘာမှ မေပြီအထိ)မှာတော့ ရေလှောင်တမံကနေ ရေထုတ်လွှတ်မှုကြောင့် နွေရာသီ ပုံမှန်မြစ်ရေစီးဆင်းမှုထက် ၁၆ ရာခိုင်နှုန်း ပိုများလာမယ်လို့ ဆိုပါတယ်။ နွေကာလတွေမှာလည်း ကချင်ပြည်နယ်ရဲ့ မြောက်ဘက်ဖျားက ရေခဲတောင်တွေ အရည်ပျော်ပြီး စီးဆင်းမှုကြောင့် ဧရာဝတီရဲ့ စီးဆင်းမှုအခြေအနေကို မထိခိုက်နိုင်ပါဘူး။ ခြောက်သွေ့ရာသီကာလတွေရဲ့ ယခင်ပုံမှန် မြစ်ရေထုစီးနှုန်း 1830 m$^3$/s ကနေ ရေလှောင်တမံတည်ဆောက်ပြီးစီးချိန်မှာဖြစ်ပေါ်လာမယ့် မြစ်ရေထုစီးနှုန်းဟာ 2120 m$^3$/s အထိတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် တမံရဲ့အောက်ဘက်ပိုင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှာ မြစ်ရေဟာ ယခင်ပုံမှန်ထက် ၁ ဒသမ ၅ ပေခန့် ပိုမိုမြင့်တက်လာနိုင်ကြောင်း လေ့လာသုံးသပ်ဖော်ထုတ်ထားပါတယ်။ ဒါကြောင့် ဧရာဝတီမြစ်ရေ ခန်းခြောက်သွား၊ တိမ်ကောသွားမှာဆိုတာမျိုး ကြံကြံဖန်ဖန် ပူပန်စိုးရိမ်မှုတွေရှိနေရင် ဒီနေ့ကစပြီး စိတ်ချလက်ချ အတွေးထဲက ထုတ်ပစ်လိုက်ပါတော့။ ကျွန်တော်တို့ရဲ့ ပင်မအသက်သွေးကြော ဧရာဝတီဘယ်တော့မှ ခန်းမှာမဟုတ်သလို ဧရာဝတီကို အမှီပြုပြီး ဆောင်ရွက်နေကြတဲ့ စိုက်ပျိုးရေး၊ စီးပွားရေး၊ လူမှုရေး၊ ရေကြောင်းသွားလာရေး စတဲ့ လုပ်ငန်းများအပေါ်မှာလည်း လုံးဝထိခိုက်မှု မရှိနိုင်ဘူးလို့ပဲ ပြောချင်ပါတယ်။

ဒ့ါအပြင် မြစ်ဆုံတမံဟာ စစ်ကိုင်းငလျင်ပြတ်ရွေ့ကြောနဲ့နီးလို့ ငလျင်များလှုပ်ခဲ့ရင် မြစ်ကြီးနားမြို့ကြီးတစ်မြို့လုံး ရေလွှမ်းသွားနိုင်တယ်ဆိုတဲ့ ဆွေးနွေးမှုတွေလည်း တွေ့ရပါတယ်။ အချို့ကလည်း မိုးအပြင်းအထန်နဲ့ အဆက်မပြတ် ရွာသွန်းတဲ့အခါ ရေဝင်ပမာဏက သိုလှောင်ထိန်းထားနိုင်တာထက်ပိုများပြီး တမံပြိုကျမှာ၊ တမံရေတံခါးတွေ ဖွင့်ချမှာကို စိုးရိမ်ကြပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးပြောရရင် မြစ်ဆုံစီမံကိန်းရဲ့ တမံအမျိုးအစားဟာ ကွန်ကရစ်မျက်နှာပြင် ကျောက်ဖြည့်တမံ (Concrete Face Rock Fill Dam - CFRD) အမျိုးအစားဖြစ်ပါတယ်။ အဲဒီ CFRD တမံအမျိုးအစားဟာ Zone Type တမံ အမျိုးအစားထက် ငလျင်ဒဏ်ကို ပိုပြီးခံနိုင်ရည်ရှိပါတယ်။ ထင်ရှားအောင် ဥပမာပြရရင် လွန်ခဲ့တဲ့ နှစ်အနည်းငယ်က တရုတ်နိုင်ငံ စီချွမ်ပြည်နယ်မှာ ပြင်းအား ၈ ဒသမ ၃ ရှိတဲ့ ငလျင်ကြီး တစ်ခုလှုပ်ခတ်သွားခဲ့ချိန်က အဲဒီမှာရှိတဲ့ Shuibuya တမံဟာ လုံးဝထိခိုက်မှုမရှိခဲ့ကြောင်း တွေ့ရပါတယ်။ အဲဒီ Shuibuya တမံဟာ CFRD အမျိုးအစားဖြစ်ပါတယ်။ အခုလည်း စစ်ကိုင်းပြတ်ရွေ့ကြောကို ကြိုတင်တွက်ချက်ပြီး ကြီးမားပြင်းထန်တဲ့ ငလျင်ဒဏ်ကို ခံနိုင်ရည်ရှိစေရန်အတွက် မြစ်ဆုံတမံကို CFRD အမျိုးအစားတည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ ကျွမ်းကျင်တဲ့ ပညာရှင်များက အဆင့်ဆင့်တွက်ချက်ပြီး စိတ်ချရတဲ့အဆင့်ရှိအောင် တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ ဒ့ါအပြင် ဒီဇိုင်းအရရေပိုလွှဲ (Spill-way) နဲ့ ရေထုတ်ပြွန်(Outlet) များကိုပါ စနစ်တကျ တွက်ချက် တည်ဆောက်ထားပြီး Monitoring System ကိုပါ တပ်ဆင်အသုံးပြုမှာဖြစ်တဲ့အတွက် အချို့စိုးရိမ်သလို တမံကျိုးတဲ့အဆင့်၊ ရေတွေဖွင့်ချရတဲ့အဆင့် ရောက်လာဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ Flood Control အနေနဲ့ စီမံကိန်းများမှ ရေလှောင်ပမာဏ 0.85 Billion m$^3$ ဝန်းကျင် သိုလှောင်နိုင်မှာဖြစ်တဲ့အတွက် မြစ်ကြီးနားမြို့ဟာ ယခင်က ငါးနှစ်တစ်ကြိမ် မြစ်ရေလျှံခြင်းဖြစ်နိုင်ခြေမှ မြစ်ဆုံစီမံကိန်းပြီးသွားတဲ့အချိန်မှာ နှစ် ၂၀ မှာ တစ်ကြိမ်သာ ဖြစ်နိုင်ခြေရှိတော့မှာ ဖြစ်ပါတယ်။

အချို့ကလည်း မေခနှင့် မလိခမြစ်များက နုန်းတွေသဲတွေဟာ မြစ်ဆုံတမံကြီးထဲမှာပဲ ပို့ချရတော့မှာဖြစ်တဲ့အတွက် နောင်မှာ နုန်းတင်မြေနုရှားပါးသွားပြီး မြစ်ဝကျွန်းပေါ်မှာ စိုက်ပျိုးရေးလုပ်ငန်းတွေ ထိခိုက်လိမ့်မယ်လို့ ရှာကြံပြီး ပူပန်ပြနေကြပါတယ်။ သူတို့ ပူပန်ပြနေပုံကို ကြည့်ပြီး မိုးပြိုမှာစိုးလို့ ခြေနှစ်ချောင်းမိုးပေါ်ထောင်ပြီးအိပ်တဲ့ တစ်တီတူးငှက်ဆိုတာကို ပြေးမြင်မိပါတယ်။ အမှန်တော့ သူတို့ပြောသလောက်ကြီးလည်း မဟုတ်သေးပါဘူး။ ဧရာဝတီမြစ်ထဲကိုစီးဝင်တာ မေခနဲ့မလိခ မြစ်နှစ်သွယ်သာရှိတာမဟုတ်ဘဲ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ ဆိုတာကို ရှေ့မှာကျွန်တော်ပြောခဲ့ပြီးပါပြီ။ အဲဒီ ရာနဲ့ချီသော မြစ်လက်တက်၊ ချောင်းလက်တက်များက နုန်းပို့ချမှုဟာ ပုံမှန်အတိုင်း ဆက်ရှိနေမှာဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော် သိရသလောက် မြစ်ဆုံတမံအတွင်း နုန်းပို့ချမှုမြင့်မားပြီး ရေသိုလှောင်မှုနည်းလာတဲ့အချိန်မှာ အဲဒီနုန်းတွေကို ပြန်ထုတ်နိုင်ဖို့ တမံဒီဇိုင်းမှာ သဲနုန်း ထုတ်ပေါက်တွေ ပါပါတယ်။ အချိန်တန်ရင် အဲဒီထုတ်ပေါက်တွေကနေ သဲနုန်းတွေ ဧရာဝတီထဲ ပြန်ရောက်လာမှာဖြစ်လို့ နုန်းတင်မြေနုရှားပါးသွားမယ့်ကိစ္စဟာ ပြောပလောက်စရာမရှိပါဘူးလို့ပဲ ဆိုပါရစေ။

အင်တာနက်ဆောင်းပါးတစ်ခုမှာ မြစ်ဆုံစီမံကိန်းကြောင့် ကျေးရွာပေါင်း ၄၇ ရွာက လူပေါင်း ၂၀၀၀၀ ကျော် ရွှေ့ပြောင်းပေးရတယ်လို့ ရေးထားတာ သတိပြုမိပါတယ်။ တကယ်တော့ လောလောဆယ်အထိ စီမံကိန်းဧရိယာနဲ့မလွတ်ကင်းတဲ့ တန်ဖဲ၊ ကျိန်ခရမ်၊ မြစ်ဆုံ၊ ခပ္ပါး/အောင်ဂျာယန်၊ ဒေါင်ပန်ဆိုတဲ့ ရွာငါးရွာက အိမ်ထောင်စု ၄၁၀၊ လူဦးရေ ၂၁၄၆ ဦးသာ ရွှေ့ပြောင်းခဲ့ရတာဖြစ်ပါတယ်။ အဲဒီရွာ ငါးရွာကိုလည်း အောင်မြင်သာ စံပြကျေးရွာ မလိယန်ကျေးရွာသစ်များအဖြစ် ဒေသခံတွေရဲ့ရိုးရာစွဲအဆင့်အတန်းထက် ပိုမိုမြင့်မားကောင်းမွန်တဲ့ နေအိမ်အဆောက်အအုံများနဲ့တကွ စံပြကျေးရွာတစ်ရပ်ရဲ့ ဂုဏ်အင်္ဂါများနဲ့ အဘက်ဘက်က ပြည့်စုံအောင်တည်ဆောက် ရွှေ့ပြောင်းနေရာချထားပေးခဲ့ပြီး ဖြစ်ပါတယ်။

## ကျော်မင်းလူ (ရွှေပြည်သာ)

မြစ်ဆုံစီမံကိန်းကြောင့် မဆိုင်တဲ့အပေါက် ကလိုင်နဲ့ခေါက်ဆိုသလို မြစ်ဝကျွန်းပေါ်က ဒီရေတောတွေ ပျက်သုဉ်းပျောက်ကွယ်သွားမယ်လို့ ပြောတာတွေလည်း ရှိပါသေးတယ်။ တကယ်တော့ ဧရာဝတီမြစ်ရေစီးဆင်းမှုနဲ့ပတ်သက်ပြီး ဘာမှ ထူးထူးခြားခြား ပြောင်းလဲစရာမရှိလို့ ဒီရေတောတွေလည်း ဘာမှပြောင်းလဲစရာ မရှိပါဘူး။ နိုင်ငံတော်အပိုင်းက နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး ဒီရေတောပြုစုထိန်းသိမ်းရေး လုပ်ငန်းတွေကို နာဂစ်နောက်ပိုင်းမှာ ပိုမိုအလေးထားဆောင်ရွက်နေတဲ့အတွက် နောင်မှာဒီရေတောတွေ ဒီ့ထက်ပိုပြီး တိုးပွားရှင်သန်လာဖို့ပဲ ရှိပါတယ်။

**တကယ်တော့ နိုင်ငံတော်ဘက်ကလည်း ဒီစီမံကိန်းအတွက် အဆင့်ဆင့်သော စူးစမ်းလေ့လာတိုင်းထွာတွက်ချက်မှုတွေ အမျိုးမျိုးဆောင်ရွက်ခဲ့ပြီးပါပြီ။ ဒီစီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတွေကိုလည်း အမျိုးမျိုးချိန်ဆတွက်ချက်ပြီးပါပြီ။ ၂၀၀၇ ဒီဇင်ဘာလောက်ကစပြီး ကွင်းဆင်းလေ့လာမှုတွေ စတင်ခဲ့တာဖြစ်ပြီး အဆင့်ဆင့်သော စူးစမ်းလေ့လာမှု အစီရင်ခံစာများအပေါ်မှာ အဘက်ဘက်က သုံးသပ်ချင့်ချိန် အတည်ပြုဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ Survey လုပ်ရာမှာလည်း နိုင်ငံတကာကျွမ်းကျင်မှု ကုမ္ပဏီအဖွဲ့ပေါင်းများစွာနဲ့အတူ မြန်မာနိုင်ငံက ကျွမ်းကျင်ပညာရှင် ၁၀၀ ကျော် ပူးပေါင်းဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။**

ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းရဲ့ စက်တပ်ဆင်အားဟာ ၆၀၀၀ မဂ္ဂါဝပ် (၈×၇၅၀မဂ္ဂါဝပ်)ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှထုတ်လုပ်နိုင်တဲ့ ဓာတ်အားက ကီလိုဝပ်နာရီသန်းပေါင်း ၂၉၄၀၀ ဖြစ်ပါတယ်။ စီမံကိန်းကာလ ၉ နှစ်ကျော်ကြာမြင့်မှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ Foreign Direct Investment (FDI) အဖြစ် တရုတ်နိုင်ငံက တာဝန်ယူတည်ဆောက်တာ ဖြစ်ပါတယ်။ ဒီလိုအရေးကြီးတဲ့ စီမံကိန်းတစ်ခုကို နိုင်ငံတော်က ဘာဖြစ်လို့တာဝန်ယူတည်ဆောက်ခြင်းမပြုဘဲ အိမ်နီးချင်းနိုင်ငံကို တာဝန်ယူတည်ဆောက်ဖို့ ခွင့်ပြုခဲ့ရတာလဲလို့မေးစရာရှိပါတယ်။ အင်တာနက်ထဲမှာတော့ အမနာပ အမျိုးမျိုးဝေဖန် စွပ်စွဲပုတ်ခတ်နေကြတာပါပဲ။ သို့သော် အရင်းစစ်တော့ အမြစ်မြေကဆိုသလို အဓိကက ငွေပါပဲ။ အကျိုးအမြတ်ကြီးမားသလို ရင်းနှီးမြှုပ်နှံမှုတန်ဖိုးလည်း အင်မတန်ကြီးမားတဲ့ စီမံကိန်းမျိုးပါ။ သာမန်အားဖြင့် သူများနိုင်ငံမှာ ဒီစီမံကိန်းမျိုးလုပ်မယ်ဆိုရင် ကမ္ဘာ့ဘဏ်လိုမျိုး၊ အာရှဖွံ့ဖြိုးရေးဘဏ်လိုမျိုးကနေ ချေးငွေရယူပြီး ကိုယ်တိုင်ရင်းနှီးမြှုပ်နှံနိုင်ပါလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ တိုင်းပြည်စီးပွားပျက်မှ ငါအာဏာရမယ်ဆိုတဲ့ လူတစ်စုရဲ့ ကောင်းမှုကြောင့် ပိတ်ဆို့မှု (Sanction)ဆိုတာကြီးကို အလကားပဲတင်းနဲ့ မလိုချင်ဘဲရခဲ့ပါတယ်။ ဒီ Sanction ဆိုတာကြီးကြောင့် ချေးငွေဆိုတာ နတ္ထိ၊ အထောက်အပံ့ဆိုတာ မသထာရေစာလောက်နဲ့ကိုယ့်အား

ကိုယ်ကိုးပြီး ကြိုးစားရုန်းကန် ဖြတ်သန်းခဲ့ရတ[...]
တိုင်ခဲ့ပါပြီ။ ဒါလောက်ဆိုရင် အားလုံးနားလည[...]
ပါတယ်။

အလုပ်တစ်ခုလုပ်ရာမှာ အကျိုးနဲ့အပြစ်[...]
ကိုယ်အသာရတာရှိသလို ကိုယ့်ဘက်က [...]
ပါပဲ။ ဒါကိုအားလုံးနားလည်ပြီးသားဖြစ်မှာပါ။ [...]
က လူကြီးတွေအနေနဲ့ ကိုယ့်ဘက်က ပေးဆ[...]
အမြတ် အများဆုံးရရှိအောင်၊ ရှုံ့လည်းလျှော[...]
ဖြစ်အောင် ချင့်ချိန်သုံးသပ် ဆောင်ရွက်လိမ့်မ[...]
ဖြစ်ဖွယ်မရှိပါဘူး။ အခု မြစ်ဆုံစီမံကိန်းမှာလ[...]
အတွက် Royalty Energy တွေထိုက်သင့်[...]
အမြတ် ရရှိလာမှာဖြစ်သလို ထွက်ရှိလာတဲ့ En[...]
နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ရောင်းချခွင့်၊ [...]
ရှိလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီစီမံကိန်း[...]
လုံးဝအကျိုးအမြတ်မရှိဘဲ တရုတ်နိုင်ငံအကျိုး[...]
သယောင်ယောင်ပြောဆိုစွပ်စွဲမှုတွေဟာ လုံး[...]
ပြည်သူ အတွက် ရသင့်ရထိုက်တဲ့ အနာ[...]
မရရှိဘဲ ဘယ်သူမှ ခွင့်ပြုမှာမဟုတ်ပါဘူး။ ဒါ[...]

**ယခုလတ်တလောကာလမှာကိုပဲ ဒီစီ[...]
အကိုင် အခွင့်အလမ်း ၂၆၀၀ ကျော်ဖော်ထုတ်ရရှိ[...]
ပြီးစီးချိန်မှာလည်း ဒီထက်ပိုပြီး အလုပ်အကိုင်[...]
ပါတယ်။ ဒီစီမံကိန်းကိုမှီပြီး မေခမြစ်ရဲ့ အရှေ[...]
ယီနန်အထိ ၂၆၁ မိုင်ခန့်၊ မလိခမြစ်အနောက်[...]
လိုင်ဇာအထိ မိုင် ၁၇၀ ခန့် လမ်းမကြီးနှစ်[...]
ဖြစ်ပါတယ်။ အဲဒီ လမ်းမကြီးတွေနဲ့ယှဉ်တွဲပြီး[...]
တည်ဆောက်မှာ ဖြစ်ပါတယ်။ ဒါတွေဟာ ဒီဒေ[...]
တွေအတွက် အဘက်ဘက်က အကျိုးပြုနိုင်မ[...]
တယ်။**

ချုပ်ပြီးပြောရရင်ကိစ္စရပ်တိုင်းမှာ အကြေ[...]
အဆိုးဆိုတာ ဒွန်တွဲနေမှာပါပဲ။ ဒါကြောင့် [...]
ဆင်ခြင်တတ်ဖို့လိုပါတယ်။ တစ်နည်းပြောရရင်[...]
သို့သော် အရာရာကို အပြစ်မြင်တဲ့ရှုထောင့်က[...]
ကြည့်မယ်၊ တစ်ဖက်စွန်းရောက်နေမယ် ဆိုရင်[...]
တော့ပါဘူး။ အခု မြစ်ဆုံကိစ္စမှာလည်း အမှန်က[...]
ကျွန်တော့်အနေနဲ့ကတော့ ပြည်သူအားလုံး [...]
ဒီဆောင်းပါးကို ရေးရခြင်းဖြစ်ပါတယ်။ တကယ်[...]
လျှပ်စစ်စီမံကိန်းတွေဟာ မလိုသူတွေပြောသ[...]
ရော၊ ဧရာဝတီကိုချစ်တဲ့ မြန်မာပြည်သူတွေ[...]
နေတာ လုံးဝမဟုတ်ပါဘူး။ ကျွန်တော်တို့လ[...]
တယ်။ ဧရာဝတီဟာ ကျွန်တော်တို့ရဲ့ အသက်[...]
ဧရာဝတီ တိမ်ကောပျက်စီးသွားတာမျိုး ဘယ်[...]
ဘူး။ နောင်တစ်ချိန်မှာ အဓွန့်ရှည်ရှင်သန်နေ[...]
ရင်ခွင်မှာခိုလှုံရင်း မြစ်ဆုံရေအားလျှပ်စစ်စီမံ[...]
လာတဲ့ အသီးအပွင့် အကျိုးရလဒ်တွေကို [...]
ခံစားစံစားနေကြတာကို ကြည်နူးကျေနပ်စွာ [...]
မယ်လို့ အပြည့်အဝယုံကြည်မိကြောင်းပါဗျာ။

**ယခုလတ်တလောကာလမှာကိုပဲ ဒီစီမံကိန်းအတွက် အလ[...]
အခွင့်အလမ်း ၂၆၀၀ ကျော်ဖော်ထုတ်ရရှိနေပြီးဖြစ်သလို[...]
ပြီးစီးချိန်မှာလည်း ဒီထက်ပိုပြီး အလုပ်အကိုင်တွေ [...]
သေချာပါတယ်။ ဒီစီမံကိန်းကိုမှီပြီး မေခမြစ်ရဲ့ အရှေ့ဘ[...]
မြစ်ဆုံမှ ယီနန်အထိ ၂၆၁ မိုင်ခန့်၊ မလိခမြစ်အနေ[...]
ကမ်းမှာ မြစ်ဆုံမှ လိုင်ဇာအထိ မိုင် ၁၇၀ ခန့် လမ်းမကြ[...]
ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ အဲဒီလမ်းမကြီးတွေနဲ့[...]
တံတားကြီးခုနစ်စင်း တည်ဆောက်မှာဖြစ်ပါတယ်။ [...]
ဒီဒေသက ညီနောင်သားချင်းတွေအတွက် အဘ[...]
အကျိုးပြုနိုင်မယ့် ရလဒ်တွေပဲ ဖြစ်ပါတယ်။**

ကိုယ်ကိုးပြီး ကြိုးစားရုန်းကန် ဖြတ်သန်းခဲ့ရတာ ဆယ်စုနှစ် နှစ်စုနီးပါး တိုင်ခဲ့ပါပြီ။ ဒါလောက်ဆိုရင် အားလုံးနားလည်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

အလုပ်တစ်ခုလုပ်ရာမှာ အကျိုးနဲ့အပြစ်ဆိုတာ ဒွန်တွဲနေမှာပါပဲ။ ကိုယ်အသာရတာရှိသလို ကိုယ့်ဘက်က ပေးဆပ်ရတာလည်း ရှိမှာပါပဲ။ ဒါကိုအားလုံးနားလည်ပြီးသားဖြစ်မှာပါ။ ဘာပဲဖြစ်ဖြစ် နိုင်ငံတော်က လူကြီးတွေအနေနဲ့ ကိုယ့်ဘက်က ပေးဆပ်မှုအနည်းဆုံးနဲ့ အကျိုးအမြတ် အများဆုံးရရှိအောင်၊ ရှုဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာဖြစ်အောင် ချင့်ချိန်သုံးသပ် ဆောင်ရွက်လိမ့်မယ်ဆိုတာ ယုံမှားသံသယဖြစ်ဖွယ်မရှိပါဘူး။ အခု မြစ်ဆုံစီမံကိန်းမှာလည်း FDI ကို ခွင့်ပြုခဲ့တဲ့အတွက် Royalty Energy တွေထိုက်သင့်တဲ့ ရာခိုင်နှုန်းနဲ့ အကျိုးအမြတ် ရရှိလာမှာဖြစ်သလို ထွက်ရှိလာတဲ့ Energy အပေါ်မှာလည်း နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ရောင်းချခွင့်၊ ထပ်မံဝယ်ယူခွင့် စသဖြင့် ရှိလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီစီမံကိန်းကို နိုင်ငံတော်အတွက် လုံးဝအကျိုးအမြတ်မရှိဘဲ တရုတ်နိုင်ငံအကျိုးစီးပွားအတွက်သာ ဖြစ်သယောင်ယောင်ပြောဆိုစွပ်စွဲမှုတွေဟာ လုံးဝမှားပါတယ်။ နိုင်ငံနဲ့ပြည်သူ အတွက် ရသင့်ရထိုက်တဲ့ အနာဂတ်အကျိုးအမြတ်တွေ မရရှိဘဲ ဘယ်သူမှ ခွင့်ပြုမှာမဟုတ်ပါဘူး။ ဒါကို နားလည်ဖို့လိုပါတယ်။

**ယခုလတ်တလောကာလမှာကိုပဲ ဒီစီမံကိန်းအတွက် အလုပ်အကိုင် အခွင့်အလမ်း ၂၆၀၀ ကျော်ဖော်ထုတ်ရရှိနေပြီးဖြစ်သလို စီမံကိန်း ပြီးစီးချိန်မှာလည်း ဒီထက်ပိုပြီး အလုပ်အကိုင်တွေ ရရှိလာမှာ သေချာပါတယ်။ ဒီစီမံကိန်းကိုမှီပြီး မေခမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ မြစ်ဆုံမှ ယီနန်အထိ ၂၆၁ မိုင်ခန့်၊ မလိခမြစ်အနောက်ဘက်ကမ်းမှာ မြစ်ဆုံမှ လိုင်ဇာအထိ မိုင် ၁၇၀ ခန့် လမ်းမကြီးနှစ်လမ်း ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ အဲဒီ လမ်းမကြီးတွေနဲ့ယှဉ်တွဲပြီး တံတားကြီးခုနစ်စင်း တည်ဆောက်မှာ ဖြစ်ပါတယ်။ ဒါတွေဟာ ဒီဒေသက ညီနောင်သားချင်းတွေအတွက် အဘက်ဘက်က အကျိုးပြုနိုင်မယ့် ရလဒ်တွေပဲ ဖြစ်ပါတယ်။**

ချုပ်ပြီးပြောရရင်ကိစ္စရပ်တိုင်းမှာ အကြောင်းအကျိုး အကောင်းအဆိုးဆိုတာ ဒွန်တွဲနေမှာပါပဲ။ ဒါကြောင့် မျှမျှတတ ရှုမြင်သုံးသပ်ဆင်ခြင်တတ်ဖို့လိုပါတယ်။ တစ်နည်းပြောရရင် အမြင်မှန်ဖို့လိုပါတယ်။ သို့သော် အရာရာကို အပြစ်မြင်တဲ့ရှုထောင့်ကနေ မျက်မှန်စိမ်းတပ်ပြီး ကြည့်မယ်၊ တစ်ဖက်စွန်းရောက်နေမယ် ဆိုရင်တော့ အမှန်ကို မမြင်နိုင်တော့ပါဘူး။ အခု မြစ်ဆုံကိစ္စမှာလည်း အမှန်ကို မြင်ကြစေချင်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ပြည်သူအားလုံး အမှန်ကိုမြင်နိုင်အောင် ဒီဆောင်းပါးကို ရေးရခြင်းဖြစ်ပါတယ်။ တကယ်တော့ ဧရာဝတီမြစ်ဆုံ လျှပ်စစ်စီမံကိန်းတွေဟာ မလိုသူတွေပြောသလို ဧရာဝတီမြစ်ကြီးကိုရော၊ ဧရာဝတီကိုချစ်တဲ့ မြန်မာပြည်သူတွေကိုရော ဒုက္ခပေးဖို့လုပ်နေတာ လုံးဝမဟုတ်ပါဘူး။ ကျွန်တော်တို့လည်း ဧရာဝတီကို ချစ်ပါတယ်။ ဧရာဝတီဟာ ကျွန်တော်တို့ရဲ့ အသက်သွေးကြောပါ။ မြစ်မင်းဧရာဝတီ တိမ်ကောပျက်စီးသွားတာမျိုး ဘယ်တော့မှ အဖြစ်မခံနိုင်ပါဘူး။ နောင်တစ်ချိန်မှာ အခွန့်ရှည်ရှင်သန်နေတဲ့ မြစ်မင်းဧရာဝတီရဲ့ ရင်ခွင်မှာခိုလှုံရင်း မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြီးက ပေါ်ထွက်လာတဲ့ အသီးအပွင့် အကျိုးရလဒ်တွေကို မြန်မာပြည်သူအားလုံး ခံစားစံစားနေကြတာကို ကြည်နူးကျေနပ်စွာ တွေ့မြင်ခွင့်ရရှိနိုင်လိမ့်မယ်လို့ အပြည့်အဝယုံကြည်မိကြောင်းပါဗျာ။ ။

ကိုပဲ ဒီစီမံကိန်းအတွက် အလုပ်အကိုင်
ဖော်ထုတ်ရရှိနေပြီးဖြစ်သလို စီမံကိန်း
ပြီး အလုပ်အကိုင်တွေ ရရှိလာမှာ
မှီပြီး မေခမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ
မိုင်ခန့်၊ မလိခမြစ်အနောက်ဘက်
ထိ မိုင် ၁၇၀ ခန့် လမ်းမကြီးနှစ်လမ်း
ယ်။ အဲဒီလမ်းမကြီးတွေနဲ့ယှဉ်တွဲပြီး
ဆောက်မှာဖြစ်ပါတယ်။ ဒါတွေဟာ
ချင်းတွေအတွက် အဘက်ဘက်က
ပဲ ဖြစ်ပါတယ်။

# စည်ပင်သာယာရေးဘဏ်လီမိတက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ

**အမှာစကားပြောကြား**

**နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး နယ်စပ်ရေးရာဝန်ကြီးဌာန စည်ပင်သာယာရေးဘဏ်လီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာန စည်ပင်သာယာရေးဘဏ် လီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးက စည်ပင်သာယာရေးဘဏ်လီမိတက် ဖွဲ့စည်းတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ ၁၉၉၆ ခုနှစ် ဘဏ်စတင် ဖွဲ့စည်းတည်ထောင်ချိန်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ စည်ပင်သာယာရေးဘဏ်လီမိတက်၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် ငွေရေးကြေးရေး အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

**ဖတ်ကြားတင်ပြ**

ထို့နောက် စည်ပင်သာယာရေးဘဏ်လီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တင်ပြသည့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းကို စည်ပင်သာယာရေးဘဏ်လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်လတ်က ဖတ်ကြားတင်ပြပြီး စာရင်းစစ်ကော်မတီ၏ အစီရင်ခံစာကို စာရင်းစစ်ကော်မတီကိုယ်စား ဒါရိုက်တာအဖွဲ့ဝင် စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးမြင့်ဦးက ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ဘဏ်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၊ အစုရှယ်ယာရှင်များက ပကတိမြေပြင် အခြေအနေများနှင့် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များအပေါ် အကြံပြုတင်ပြဆွေးနွေးကြသည်။

ယင်းနောက် အစုရှယ်ယာရှင်များ၏ အကြံပြုဆွေးနွေးမှုများအပေါ် ဘဏ်ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်လတ်က ပြန်လည်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်မှာကြားသည်။

**ရွေးချယ်အတည်ပြု**

ထို့နောက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးဘဏ်လီမိတက်၏ ဒါရိုက်တာအဖွဲ့နှင့် စာရင်းစစ်ကော်မတီတို့ကို အစုရှယ်ယာရှင်များက ရွေးချယ်အတည်ပြုကြသည်။

ယင်းနောက် စည်ပင်သာယာရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ စည်ပင်သာယာရေးဘဏ်လီမိတက်၏ ငွေကြေးလည်ပတ်မှုတွင် တိုင်းဒေသကြီး/ပြည်နယ်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများမှ ဈေးသူဈေးသားများအား သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများထုတ်ချေးရာမှ ရရှိလာသော အတိုးငွေများ၊ ငွေကြေးလည်ပတ်ဝန်ဆောင်မှုများမှ အကျိုးအမြတ်ရရှိ တိုးပွားငွေများဖြင့် ယခုနှစ်တွင် အမြတ်ဝေစု ငွေကျပ်သန်း ၄၀၀ ကို ခွဲဝေပေးနိုင်ခဲ့ကြောင်း၊ ယင်းပမာဏသည် Paid up Capital ၏ ၄၀ ရာခိုင်နှုန်းဖြစ်ပြီး ယခင်နှစ်ကထက် လေးဆ တိုးတက်လာကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများအတွက် အထူးချေးငွေရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိရေးအပြင် ကျေးလက်ဒေသသောက်သုံးရေရရှိရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် နှစ်စဉ်သီးခြား လှူဒါန်းထောက်ပံ့ခဲ့ရာ ယခုဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းငွေကျပ် ၁၅၀၈ ဒသမ ၆၃ သန်း လှူဒါန်းထောက်ပံ့ ပေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍ လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့က မူဝါဒချမှတ်ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ကျေးလက်ဒေသများရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများမှ ဈေးသည်များအား အထူးသက်သာသော အတိုးနှုန်းချေးငွေများ ပိုမိုထုတ်ချေးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

**တက်ရောက်**

ယခုအစည်းအဝေးသို့ စည်ပင်သာယာရေးဘဏ်လီမိတက်၏ အစုရှယ်ယာဝင် ၂၇၇ ဦးရှိသည့်အနက် စည်ပင်သာယာရေးဦးစီးဌာနအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစုရှယ်ယာရှင်ကိုယ်စားလှယ် ၂၃၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား
# တရုတ်ပြည်သူ့သမ္မတနိုင်ငံသံမှူး လာရောက်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၉**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးသံမှူး Mr. Jin Honggen နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သတ္တုတူးဖော်ထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

ထိုသို့ တွေ့ဆုံရာတွင် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးသံမှူး Mr. Jin Honggen နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၆:၃၀ MRTV-4 သတင်း
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၁)
- ၇:၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (Live)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၃)
- ၁၀:၂၅ MRTV-4 7th Anniversary Live Show [Day 2 (Part -3)]
- ၁၁:၁၅ ဒါနရှင်တို့သင်းကာဆောင် တောင်စွန်းမြို့မှ သော်ကမြောင်
- ၁၁:၄၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **လာထား အာသွား -၂**
- ၁၂:၁၀ မင်းဘူးမြေမှ ရွှေခြေလှမ်းတို့ မဂ်လမ်းတိုင်စေ
- ၁၂:၂၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ငါးချဉ်စပ်ကြော်နှင့် ဝက်သားလုံးဟင်းချို)
- ၁:၀၀ **ကံလေးမျိုး** တရားတော် (ဆရာတော်ဦးဃောသိတ)
- ၁:၅၀ သက်ဝင်လှုပ်ရှားရသရုပ်လုံးရုပ်ကြွများ(စလေရုပ်စုံ ကျောင်းတော်ကြီး)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ **စကားနပန်း အိမ်ထောင်စောစောပြုတာ ကောင်းတယ်၊ အိမ်ထောင်စောစော မပြုတာကောင်းတယ်**
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း ၉၁)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၃)
- ၄:၅၅ Keen Cie Health Care Services မှ Apollo ဆေးရုံအား မိတ်ဆက်ပေးခြင်း
- ၅:၁၅ မဟာဝေဇယန္တာမွေ့ရိပ်သာ၏ ပဋ္ဌာန်းဘုရားပူဇော်ပွဲနှင့် ဝါဆိုပန်းဆက်ကပ်လှူဒါန်းပွဲ
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၂)
- ၇:၀၅ MRTV-4 7 th Anniversary Live Show [Day 2(Part - 4)]
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ Cartoon Show Time (ARRIETTY)
- ၉:၀၅ Celebrity Style (သန္တာလှိုင်)
- ၉:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း ၃၄)
- ၁၀:၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (DELAY)
- ၁၂:၂၀ Industrial Talk (ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)
- ၁၂:၅၀ အန္တရာယ်ကင်းသောမိခင်ဘဝ (ဒေါက်တာသန်းသန်းဌေး)
- ၁:၀၀ အတ္တရုံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
- ၁:၁၀ **Rainforest Homeland** (အပိုင်း -၂)
- ၁:၃၅ သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
- ၁:၄၅ **အလျော်အစား** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်၊ ဒါရိုက်တာ-ကျော်ဇောလင်း
- ၂:၀၀ FIFA U-20 WORLD CUP COLOMBIA 2011 (DELAY)
- ၃:၅၀ ဈေးနှုန်းချိုသာမြန်မာ့ကြွေအမိုးပြား (သာယာဝတီ)
- ၄:၀၀ အရိုးကိုအရွက်မဖုံးစေရာ မြန်မာ့လက်မှုရွှေဆိုင်းပညာ
- ၄:၁၅ ဖူးစို့ဘုရားစုံမြို့ဖျာပုံ
- ၄:၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (Live)
- ၅:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဝင်းနိုင် ဇူလိုင် ၂၉ ရက်က ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် အင်တိုင်းကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းနှင့် အမှုဆောင်အရာရှိ ဦးမင်းဇော်တို့ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

မြန်မာ့အလင်း

# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၉

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စု ပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ အမှတ်(၂)နေပြည်တော် အားကစားကွင်းတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက သတ္တုတွင်းဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာန အသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဩဂုတ်၁၀ ရက် ပွဲစဉ်များအဖြစ် အမှတ်(၂)နေပြည်တော် အားကစားကွင်းတွင် (ကက)အုပ်စုမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်းတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား

၁၀-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆:၄၅ ၁။ **FIFA U-20 World CUP 2011 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရှုံးထွက်ပွဲစဉ်)**
- ၈:၄၅ ၂။ နံနက်ခင်းသတင်း

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၃၀ ၄။ အကပြိုင်ပွဲ
- ၄:၃၅ ၅။ သီချင်းကြီးပဒေသာ
- ၄:၄၅ ၆။ အဆေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အထူးပြုအားလုံး) (မြန်မာ့ရေးရာ)
- ၅:၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၈။ ချစ်တတ်ကြရအောင်
- ၅:၂၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၃၅ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ မြန်မာ့ခလေ့ရိုးရာလက်ဖွဲ့
- ၆:၃၅ ၁၄။ ရွှေရင်ခုန်သံ
- ၇:၁၀ ၁၅။ (၂၆)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြိုတင်ပြင်ဆင်မှုများ(ပိုက်ကျော်ခြင်း)
- ၇:၂၀ ၁၆။ မြန်မာ့ယဉ်ကျေးမှု အကအလှများ
- ၇:၃၀ ၁၇။ အေဝမ်းစိုးမြင့်ဝိုင်း သံစုံတူရိယာ ဖျော်ဖြေခန်း
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ**
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၈၃)
- ၂၃။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင် (ပထမတန်း)အဆင့် (ဒုတိယဆု) တေမိယဇာတ် (အေဝမ်းမင်းဇော်) (မန္တလေးတိုင်းဒေသကြီး)

---

**ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၉

သတင်းမှတ်စု - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံလူသစ်တန်း ပိုက်ကျော်ခြင်းအဖွဲ့လိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှုံးထွက်ပွဲစဉ်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ သာကေတမြို့နယ်က သင်္ဃန်းကျွန်းမြို့နယ်ကို နှစ်ပွဲပြတ်၊ သန်လျင်မြို့နယ်က လသာမြို့နယ်ကို နှစ်ပွဲ- တစ်ပွဲ၊ အလုံမြို့နယ်က ပန်းဘဲတန်းမြို့နယ်ကို နှစ်ပွဲ-တစ်ပွဲ၊ လမ်းမတော်မြို့နယ်က ရန်ကင်းမြို့နယ်ကို နှစ်ပွဲပြတ်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်က စမ်းချောင်းမြို့နယ်ကို နှစ်ပွဲပြတ်၊ တောင်ဥက္ကလာပမြို့နယ်က ကြည့်မြင်တိုင်မြို့နယ်ကို နှစ်ပွဲပြတ်၊ လှိုင်သာယာမြို့နယ်က မင်္ဂလာဒုံမြို့နယ်ကို နှစ်ပွဲပြတ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်က မြောက်ဥက္ကလာပမြို့နယ်ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသွားကြသည်။

ဆက်လက်၍ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကြရာ သန်လျင်မြို့နယ်က သာကေတမြို့နယ်ကို နှစ်ပွဲပြတ်၊ အလုံမြို့နယ်က လမ်းမတော်မြို့နယ်ကို နှစ်ပွဲပြတ်၊ တောင်ဥက္ကလာပမြို့နယ်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ကို နှစ်ပွဲပြတ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်က လှိုင်သာယာမြို့နယ်ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသွားကြသည်။

ဩဂုတ် ၁၀ ရက်တွင် အကြိုဗိုလ်လုပွဲ၊ တတိယနေရာနှင့် ဗိုလ်လုပွဲကို ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

# မိုးရေချိန်စံချိန်သစ်

နေပြည်တော် ဩဂုတ် ၉

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ ဩဂုတ်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်ကို တိုင်းထွာရရှိသည်။

| စဉ် | စခန်းအမည် | မိုးရေချိန် စံချိန်သစ် | | စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စံချိန်ကျိုးသည့်နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | ကျောက်တော် | ၂၇၆ | ၁၀ ဒသမ ၇ | ၂၅၅ | ၁၀ ဒသမ ၀၄ | ၂၀-၈-၁၉၉၃ | ၂၅ |

# အများအားဖြင့် မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဩဂုတ် ၉

| စဉ် | တိုင်းဒေသကြီးနှင့်ပြည်နယ် | အပူချိန်(စင်တီဂရိတ်) | | မနက်ဖြန်အတွက် | |
|---|---|---|---|---|---|
| | | အမြင့်ဆုံး | အနိမ့်ဆုံး | ခန့်မှန်းချက် | ရွာရန်ရာနှုန်း |
| ၁ | ကချင်ပြည်နယ် | ၃၁ | ၂၄ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည် | ၁၀၀% |
| ၂ | ကယားပြည်နယ် | ၂၉ | ၂၀ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည် | ၁၀၀% |
| ၃ | ကရင်ပြည်နယ် | ၂၇ | ၂၃ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည် | ၁၀၀% |
| ၄ | ချင်းပြည်နယ် | ၂၁ | ၁၃ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည် | ၁၀၀% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း) | ၂၅ | ၂၀ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည် | ၁၀၀% |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း) | ၃၅ | ၂၇ | နေရာကျဲကျဲမိုးထစ်ချုန်းရွာမည် | ၁၀၀% |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၂၉ | ၂၅ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည် | ၁၀၀% |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၂၄ | ၂၁ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည် | ၁၀၀% |
| ၉ | မကွေးတိုင်းဒေသကြီး | ၃၁ | ၂၆ | နေရာကျဲကျဲမိုးထစ်ချုန်းရွာမည် | ၁၀၀% |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၃၇ | ၂၇ | နေရာကျဲကျဲမိုးထစ်ချုန်းရွာမည် | ၁၀၀% |
| ၁၁ | မွန်ပြည်နယ် | ၂၉ | ၂၅ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည် | ၁၀၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၂၃ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည် | ၁၀၀% |
| ၁၃ | ရခိုင်ပြည်နယ် | ၂၆ | ၂၂ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည် | ၁၀၀% |
| ၁၄ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၂၄ | ၁၇ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည် | ၁၀၀% |
| ၁၅ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၃၀ | ၂၁ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည် | ၁၀၀% |
| ၁၆ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၃၀ | ၂၃ | နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည် | ၁၀၀% |
| ၁၇ | ဧရာဝတီတိုင်းဒေသကြီး | ၂၉ | ၂၅ | နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည် | ၁၀၀% |
| ၁၈ | နေပြည်တော်နှင့် အနီးတစ်ဝိုက် | ၂၈ | ၂၄ | မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာမည် | ၁၀၀% |
| ၁၉ | ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် | ၂၇ | ၂၃ | မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာမည် | ၁၀၀% |
| ၂၀ | မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | ၃၇ | ၂၇ | နေရာကွက်ကျားမိုးထစ်ချုန်းရွာမည် | ၈၀% |

| | |
|---|---|
| **ယနေ့နံနက် ၉ နာရီခွဲအချိန် အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်** | လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ |
| **ဘင်္ဂလားပင်လယ်အော် အခြေအနေ** | ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှအားကောင်းနေသည်။ |
| **မြန်မာ့ပင်လယ်ပြင်အခြေအနေ** | မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ |
| **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်** | အများအားဖြင့် မုတ်သုံလေအားကောင်းမည်။ |

---

# ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မင်းလှမြို့နယ် မြို့မဈေးကြီးသန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဈေးအတွင်း သန့်ရှင်းခြင်းလုပ်ငန်းကို ဩဂုတ် ၅ ရက်က မီးသတ်ဦးစီးမှူးနှင့် အမှုဆောင်အရာရှိ ဦးသန့်ဇင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရမ်းဗြဲ-ကျောက်နီမော်လမ်းဘေး ရေမြောင်းများ တူးဖော်ရှင်းလင်းနေမှုကို ဩဂုတ် ၃ ရက်က အမှုဆောင်အရာရှိ ဦးထွန်းခင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ကျောက်အိုးကျေးရွာ၌ အလျှုရှင်စက်ရေတွင်း တူးဖော်ဆောင်ရွက်နေမှုကို ဇူလိုင် ၂၈ ရက်က အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် အင်ဂျင်နီယာမှူး ဦးသူရအောင်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ အမှတ်(၂)ရပ်ကွက် တပင်ရွှေထီးလမ်း ရေနုတ်မြောင်းများတူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၇ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စစ်တွေမြို့ မြို့မဈေးကြီးတွင် သန့်ရှင်းလတ်ဆတ်သော အသား၊ ငါးများအား ယင်လုံဆန်ခါဖြင့် စနစ်တကျရောင်းချမှု ရှိ မရှိကို ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာကျော်ကျော်နှင့် ဒုတိယဦးစီးမှူး (ဈေး) ဦးမောင်မောင်သိန်းတို့ ဇူလိုင် ၂၂ ရက်က စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

## ပူတာအိုၐ် စာသင်ကျောင်းဆောင်များ လွှဲပြောင်းပေးအပ်

**ပူတာအို ဩဂုတ် ၉**

ကချင်ပြည်နယ် ပူတာအိုခရိုင်ပူတာအိုမြို့နယ် မူလာရှီးဒီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းဆောင်သစ်နှစ်ဆောင်အား ပညာရေးဌာနသို့ လှူဒါန်းလွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၁ရက် နံနက် ၉နာရီခွဲက အဆိုပါကျောင်းဆောင်သစ်မျက်နှာစာ၌ ကျင်းပရာကျောင်းဆောင်သစ်များကို ဒေသခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မြင့်မောင်ဦး၊ ပူတာအိုခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ ပူတာအိုခရိုင် ပညာရေးမှူး ဦးအေးသောင်နှင့် ထူးဖောင်ဒေးရှင်းမှ အမှုဆောင်ဒါရိုက်တာ ဒေါ်ယမင်းလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**လွှဲပြောင်းပေးအပ်**

ထို့နောက် အလှူရှင်ထူးဖောင်ဒေးရှင်းမှ အမှုဆောင်ဒါရိုက်တာ ဒေါ်ယမင်းလွင်က ကျောင်းဆောင်သစ်များ လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းတင်ပြပြီးနောက် ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ ကျောင်းဆောင်သစ်နှစ်ဆောင်မှာ အလျား ပေ ၉၀နှင့် အနံပေ ၃၀ရှိ တစ်ထပ်အုတ်ညှပ် စာသင်ဆောင်များဖြစ်ပြီး ကျောင်းသားကျောင်းသူ ၃၆၀ စာသင်ကြားနိုင်ကာ ကျောက်သင်ပုန်းများ၊ ကျောင်းသုံးစာသင်ခုံများ၊ သောက်ရေကန်များနှင့် သန့်စင်ခန်းတို့ အပါအဝင် ငွေကျပ် ၁၄၃၁ သိန်း အကုန်အကျခံ တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာဟောပြောပွဲ ကျုံပျော်၌ကျင်းပ

**ကျုံပျော် ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ဦးဆောင်မှုဖြင့် ကျုံပျော်မြို့နယ် အင်းရဲကြီးကျွန်းကျေးရွာအပါအဝင် ကျေးရွာကိုးရွာရှိ ကျောင်းကိုးကျောင်းအတွက် ငါးသယံဇာတထိန်းသိမ်းရေးလှုပ်ရှားမှု ဓာတ်ပုံများပါဝင်သော ကျောင်းသုံးစာအုပ်များလှူဒါန်းခြင်းနှင့် ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက အထက(ခွဲ) အင်းရဲကျွန်း၌ ကျင်းပရာ **(အောက်ပုံ)** အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်က အမှာစကားပြောကြားပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးအောင်ဆန်းဝင်းက ငါးသယံဇာတထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောသည်။

ဆက်လက်၍ အလှူရှင် ဦးခင်မောင်ဝင်းက စာအုပ်များလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ကျောင်းအုပ်ဆရာကြီးများနှင့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက စာအုပ်ဒါဇင် ၂၅၀ ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မြင်းခြံမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

*ရန်ကုန် ဩဂုတ် ၉*

*မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏ (၆) ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂၇ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် သဃ်္ဃန်းကျွန်းမြို့နယ် ရတနာလမ်းရှိ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ မြင်းခြံသူ မြင်းခြံသားများ တက်ရောက်ကြရန်နှင့် ဒုတိယဗိုလ်မှူးကြီးကျော်ရင်(ငြိမ်း)ဖုန်း - ၆၁၁၁၀၂၊ ဦးစိန်ဝင်း ဖုန်း-၅၇၀၄၉၂၊ ဦးမောင်မောင် ဖုန်း-၂၉၆၂၆၈၊ ဦးထိန်လင်း ဖုန်း-၉၆၉၉၇၉၁နှင့် ဦးကြည်မောင် ဖုန်း-၅၄၈၂၈၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။* *(မြန်မာ့အလင်း)*

## ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ဓနုဖြူမြို့၌ ဟောပြောဆွေးနွေး

**ဓနုဖြူ ဩဂုတ် ၉**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၅ရက် မွန်းလွဲ ၂နာရီက ဓနုဖြူမြို့နယ် တော်ကွဲကျေးရွာ အမက၌ကျင်းပရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးဇော်မင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာများကို ဆွေးနွေးဟောပြောသည်။ ထို့နောက် မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာနှင့် မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ပေါင်းစည်းလယ်ယာစနစ် ဖော်ဆောင်ရေးကို ရှင်းလင်းဆွေးနွေးဟောပြောကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးက ငါးရှဥ့်ဖမ်း ရေလုပ်သား ၅၀ပါ အစုအဖွဲ့ ဖွဲ့စည်း၍ ငါးရှဥ့်ဖမ်း ရေလုပ်သားများကို တစ်ဦးလျှင် ငါးရှဥ့်မြှုံး ၁၀လုံးစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ဟိုတယ်လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဖွင့်မည်

**ရန်ကုန် ဩဂုတ် ၉**

ပြည်တွင်း ပြည်ပရှိ Hotel, Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့် ဝင်ရောက်လုပ်ကိုင်မည့်သူများ၊ Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ်လိုသူများအတွက်ရည်ရွယ်၍ International Hospitality Management Course သင်တန်းအပတ်စဉ်အသစ်ကို ဩဂုတ်လ ဒုတိယပတ်အတွင်း မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအဖွဲ့ (MTB)၏ အသိအမှတ်ပြု Star Resources Hospitality & Tourism Management Academy တွင် ဖွင့်လှစ်မည်ဖြစ်ရာ အဆိုပါသင်တန်းတွင် Leadership & People Management၊ Human Resources Management၊ Sale & Marketing Management၊ Front Office Management၊ Food & Beverage Management၊ Housekeeping Management စသည့်ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးလကြာမြင့်မည်ဖြစ်သည်။ လက်ရှိဟိုတယ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက်လည်း Management Skills များ ပိုမိုသိရှိနားလည်စေရန်အတွက် ရည်ရွယ်ပြီး သင်တန်းကြေးအထူးနှုန်းနှင့် Duty ချိန်လွတ်သင်တန်းများကိုလည်း စီစဉ်ပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality & Tourism Management Academy တိုက် (၂၆၇) အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀၂၀၃၀၂ နှင့် e-mail:info@staresour-ces.com သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျောက်ကြီးမြို့နယ်၌ ကျင်းပ

**ကျောက်ကြီး ဩဂုတ် ၉**

တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက် နံနက် ၇ နာရီက ကျောက်ကြီးမြို့ စစ်မှုထမ်းဟောင်းအိမ်ရာဝင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွေးနှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများတက်ရောက်၍ ကျွန်းပင် ၁၅၀၊ ယူကလစ်ပင် ၃၅၀ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်သစ်တော)**

## ရေပိုက်လိုင်းတပ်ဆင်

**ဘားအံ ဩဂုတ် ၉**

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေးလုပ်ငန်းဖြစ်သည့် ဘားမဲတောင်ပေါ် ရေဂါလန်တစ်သိန်းဆံ့ ရေလှောင်ကန်သစ်မှ ရေပေးဝေပိုက်လိုင်းများ တပ်ဆင်ဆက်သွယ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့ ဇူလိုင် ၂၅ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**



**မြောင်းမြမြို့ ဧရာဝတီဆိပ်ခံ ရေဆင်းတံတားပြုပြင်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်ဇော်နှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုး ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

## မိုးစပါးစိုက်ပျိုးစာရင်း ကောက်ယူမှု ကျောက်တန်းမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိလယ်မြေများတွင် မိုးစပါးများ စိုက်ပျိုးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး မြေစာရင်းဦးစီးမှူး ဦးအောင်သန်းလွင်၊ ကျောက်တန်းမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးစောစံခိုင်နှင့် ဝန်ထမ်းများသည် ဩဂုတ် ၃ရက်က ကျောက်တန်းမြို့နယ် အရှေ့ပိုင်းရပ်ကွက်နှင့် သောင်ကြီးကျေးရွာတို့၌ ၂၀၁၁-၂၀၁၂ခုနှစ် လုပ်ခွင့်ရဧကအလိုက် တောင်သူဦးရေစာရင်းနှင့် မိုးစပါးစိုက်ပျိုးသည့် မြေပြင်အမှန်စာရင်း ကောက်ယူနေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း

စာတည်းထံပေးစာများ

## ဒဂုံမြို့သစ်မြောက်ပိုင်း ဦးဝိစာရလမ်းတိုးချဲ့ပေးပါ

**စာတည်းခင်ဗျား-**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၂ တိုးချဲ့ရပ်ကွက် ဦးဝိစာရလမ်း(ကွန်ကရစ်လမ်း)သည် ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) စက်မှုဇုန်၊ ၄၁ တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တော်ဝင်အိမ်ရာ၊ ၄၂ တိုးချဲ့ရပ်ကွက်များကို ဖြတ်သန်းကာ မြောက်ဥက္ကလာပအထိ သွားလာနေသောလမ်းဖြစ်ပါသည်။ စက်မှုဇုန်သို့ ဝင်ထွက်နေသောကွန်တိန်နာယာဉ်များ၊ (၃၇)ဘီအမ်လိုင်းကား၊ (၃၆) ဘတ်စ်ကား၊ (၁၀၈)ဒိုင်နာခရီးသည်တင်ကားများ၊ ဆိုက်ကား၊ စက်ဘီး၊ ရေလှည်း၊ ရေသန့်လှည်းများ သွားလာနေသောလမ်းဖြစ်ပြီး လမ်းကျဉ်းသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ၊ ယာဉ်မတော်တဆမှုများဖြစ်ပွားလေ့ရှိသည့်အပြင် လမ်းပိုင်းများလည်း ပျက်စီးနေပါသောကြောင့် ဦးဝိစာရလမ်း(ကွန်ကရစ်လမ်း)ကို တိုးချဲ့ပြင်ဆင်ပေးပါရန် တင်ပြအပ်ပါသည်။

**ခရီးသွားတစ်ဦး**

## ကျူးကျော်ထမင်းဆိုင် ဖယ်ရှားပေးစေလို

**စာတည်းခင်ဗျား-**

တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် ၃၁ လမ်းထိပ်နှင့် စစ်ကိုင်းစည်ပင်သာယာလမ်း မြေနေရာပေါ်ကျူးကျော်ကာ ရပ်ကွက်ရေနုတ်မြောင်းပေါ်တွင် ဆောက်လုပ်ထားသော ထမင်းဆိုင်တစ်ဆိုင်သည် မြောင်းအတွင်းသို့ အမှိုက်များ စွန့်ပစ်ပြီး အညောှ်နံ့များ နေ့စဉ်ပြုလုပ်နေသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသောကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**တောင်ဥက္ကလာပသား**

## သစ်ခွဲစက်အား ကြပ်မတ်ဆောင်ရွက်ပြီးဖြစ်

၂၀-၆-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ကျုံဒိုးမြို့နယ် ကမ်းနီစံပြကျေးရွာ ရပ်ကွက်(၉)ရှိ ပရိဘောဂပြုလုပ်သည့်နေအိမ်နှစ်အိမ်မှ သစ်ခွဲစက်သံ၊ မီးစက်သံကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ အနှောင့်အယှက်ဖြစ်ရ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**(မြို့နယ်သစ်တောဦးစီးဌာန)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

# ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသူနိုင်ငံသား ပြည်သူများ ရတောင့်ရခဲသော အခွင့်အလမ်းကို ပြည့်ဆည်းပေးရန်ရည်ရွယ်၍ မြတ်စွယ်တော်အား မြန်မာနိုင်ငံသို့ စတုတ္ထအကြိမ်ပင့်ဆောင်မည်

# ဘုရားဖူးပြည်သူများ စိတ်လက်ချမ်းမြေ့စွာ ပူဇော်ဖူးမြော်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဩဂုတ် ၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ နာယကအဖွဲ့ဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် ဦးစီးကော်မတီဝင်များ ဖြစ်ကြသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ 'နမောတဿ' သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

**ကုသိုလ်ပြုနိုင်**

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီးသည် နိုင်ငံ့တာဝန်များကို စတင်တာဝန်ထမ်းဆောင်ပြီး မကြာမီသွားရောက်ခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်တွင် နိုင်ငံတော်ကြီး အေးချမ်းတည်ငြိမ်ပြီး စည်ပင်သာယာတိုးတက်ထွန်းကားစေရန်နှင့် နိုင်ငံသူနိုင်ငံသားများ ကုသိုလ်ပြုနိုင်ကြရန်ရည်သန်၍ ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာနိုင်ငံသို့ ပင့်ဆောင်ပူဇော်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သက်ဆိုင်ရာ ဆရာတော်ကြီးများအား လျှောက်ထားခဲ့ကြောင်း။

*စာမျက်နှာ ၄ ကော်လံ ၁* ✻

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)